# ဓမ္မခန္ဓာ (၉) “ကင်းလွတ်ခွင့်” (အာလ် ဘရ်အတ်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁၃)၊ သုတ်ဒေသနာ (၁၂၇)ပါး၊

**ဤဓမ္မခန္ဓာ၏ အမည်ကို (အလ် တောင်ဘာ) “သံဝေဂ” ဟုလည်း ခေါ်၍၊ ဓမ္မခန္ဓာ (၈)၏ အဆက် ဖြစ်သောကြောင့် အဖွင့်ဂုဏ်တော် ဗိဆ်မိလ္လာဟ် (ပရမတ်ဘုရားရှင်၏ ဂုဏ်တော်ဖြင့်) မပါဝင်ပေ။**

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

| | |
|---|---|
| ၁။<br><br>☆ ၂း၉၆ | **بَرَاءةٌ مِّنَ اللهِ وَرَسُولِهِ إِلَى الَّذِينَ عَاهَدتُّم مِّنَ الْمُشْرِكِينَ۞**<br>သင်တို့နှင့် ကတိပြုထားသော ရောပြွန်းကိုးကွယ်သူများအပေါ်☆ ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်တော်ဆောင်၏ ထံမှ ကင်းလွတ်ခွင့်။[၄၈၄] |
| ၂။<br><br>ရန်သူ | **فَسِيحُواْ فِي الأَرْضِ أَرْبَعَةَ أَشْهُرٍ وَاعْلَمُواْ أَنَّكُمْ غَيْرُ مُعْجِزِي اللهِ وَأَنَّ اللهَ مُخْزِي الْكَافِرِينَ۞**<br>သူတို့အား ဤမြေ၌ လေးလတိုင် သွားလာကြစေကုန်၊ သိကြလော့ သင်တို့သည် ပရမတ်ဘုရားရှင်အား စွမ်းဆောင်မှု ကင်းမဲ့စေနိုင်သည် မဟုတ်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် **ဖုံးကွယ်သူ**တို့အား အသရေ ပျက်စေလတ္တံ့။ |
| ၃။<br><br>☆ ၂း၁၉၆<br><br>☆ ၂း၃၇<br><br>ရန်သူ-၂း၆ | **وَأَذَانٌ مِّنَ اللهِ وَرَسُولِهِ إِلَى النَّاسِ يَوْمَ الْحَجِّ الأَكْبَرِ أَنَّ اللهَ بَرِيءٌ مِّنَ الْمُشْرِكِينَ وَرَسُولُهُ فَإِن تُبْتُمْ فَهُوَ خَيْرٌ لَّكُمْ وَإِن تَوَلَّيْتُمْ فَاعْلَمُواْ أَنَّكُمْ غَيْرُ مُعْجِزِي اللهِ وَبَشِّرِ الَّذِينَ كَفَرُواْ بِعَذَابٍ أَلِيمٍ۞**<br>ကံဆောင်ပရိဝုဒ်ပြု☆ ကာလ၌ လူသားအပေါင်းအား ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်မှ “ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်သည် ရောပြွန်းကိုးကွယ်သူများနှင့် စပ်လျဉ်း၍ တာဝန်ကင်းကြောင်း” ကြေငြာချက်။ သို့သော် သံဝေဂရကြလျှင်☆ သင်တို့အတွက် ကောင်းပေ၏။ အကယ်၍ သင်တို့ ကျောခိုင်းသွားကြလျှင် သိကြကုန်လော့၊ သင်တို့သည် ပရမတ်ဘုရားရှင်အား စွမ်းဆောင်မှု ကင်းမဲ့စေနိုင်သည် မဟုတ်ချေ၊ **ဖုံးကွယ်သူ**တို့အတွက် စူးနစ်သော ဝဋ်ကြွေးသည်ရှိကြောင်း သတင်းကောင်းကိုပါးလော့။ |
| ၄။ | **إِلاَّ الَّذِينَ عَاهَدتُّم مِّنَ الْمُشْرِكِينَ ثُمَّ لَمْ يَنقُصُوكُمْ شَيْئًا وَلَمْ يُظَاهِرُواْ عَلَيْكُمْ أَحَدًا فَأَتِمُّواْ إِلَيْهِمْ عَهْدَهُمْ إِلَى مُدَّتِهِمْ إِنَّ اللهَ يُحِبُّ الْمُتَّقِينَ۞**<br>သို့သော် သင်တို့နှင့် ကတိပြုထားလျက် သင်တို့အပေါ်၌ တစ်စုံတစ်ရာ ပျက်ကွက်မှုမရှိ၊ သင်တို့၏ ဆန့်ကျင်ဘက် တစ်ဦးတစ်ယောက်ကိုမှ ကျောထောက်နောက်ခံ မပြုသော– ရောပြွန်းကိုးကွယ်သူအား၊ သူတို့နှင့်ထားသည့် ကတိသက်တမ်းကို တိုးရှေ့စေလော့၊ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများအား နှစ်သက်တော်မူ၏။ |
| ၅။ | **فَإِذَا انسَلَخَ الأَشْهُرُ الْحُرُمُ فَاقْتُلُواْ الْمُشْرِكِينَ حَيْثُ وَجَدتُّمُوهُمْ وَخُذُوهُمْ وَاحْصُرُوهُمْ وَاقْعُدُواْ لَهُمْ كُلَّ مَرْصَدٍ فَإِن تَابُواْ وَأَقَامُواْ الصَّلاَةَ وَآتَوُاْ الزَّكَاةَ فَخَلُّواْ سَبِيلَهُمْ إِنَّ اللهَ غَفُورٌ رَّحِيمٌ۞** |

(၄၈၄) ဤကြေငြာချက်သည် မွတ်ဆလင်များနှင့် စစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုထားပါလျက် ကတိဖျက်သော ရန်သူများအပေါ် မွတ်ဆလင်များအနေဖြင့် စာချုပ်ပါအတိုင်း ဆက်လက် ထိမ်းသိမ်းနေထိုင်ရန် မလိုတော့ကြောင်း ကင်းလွတ်ခွင့် ကြေငြာချက် ဖြစ်ပေသည်။ သို့သော် မွတ်ဆလင်များ အနေဖြင့် ထို စာချုပ်ဖျက်ထားသော ရန်သူများကိုပင် သူတို့၏ သွားလာ ဆောင်ရွက်ခွင့်များကို အချိန်သတ်မှတ်ပေးထားကြောင်း အံ့အားသင့်ဘွယ် တွေ့နိုင်ပေသည်၊ ရန်သူဖြစ်သော်လည်း စာချုပ်စည်းကမ်းကို ဆက်လက်ထိမ်းသိမ်းသူများကို မိမိဘက်ကလည်း ကတိတည်ရမည် ဖြစ်ကြောင်း ၉း၄ တွင် တွေ့နိုင်ပေသည်။ ရန်သူများသည် မွတ်ဆလင်များအပေါ် စစ်စည်းကမ်းချိုးဖေါက်မှုကို ၉း၅၆ တွင် ဖေါ်ပြထားပေသည်။ စစ်စည်းကမ်းဖေါက်သော ရန်သူများသည် ဘာသာရေး စော်ကားမှုကြောင့် ဖြစ်ကြောင်း ဤကြေငြာချက်အား ထုတ်ပြန်သည့် နေ့ရက်ကို ကြည့်လျှင် သိနိုင်ပေသည်။

| | |
|---|---|
| ☆၂း၁၉၇<br>☆၂း၃ | သို့ဖြစ်၍ ဤဘေးမဲ့လများ☆ ကုန်ဆုံးသော် ရောပြွန်းကိုးကွယ်သူများအား ထိပ်ဆိုင်တိုးရာ၌ တော်လှန်ကြလော့၊ ဖမ်းဆီးကြလော့၊ ချုပ်နှောင်ကြလော့၊ နေရာယူ စောင့်နေကြလော့၊ အကယ်၍ သူတို့သည် သံဝေဂရလျှက် မေတ္တာမိဌာန်မြဲကြ၍☆ လူမှုဖူလုံကြေး ပေးကြသော် သွားလိုရာလမ်းကို လွှတ်ပေးကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွှတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။[၄၅] |
| ၆။ | وَإِنْ أَحَدٌ مِّنَ الْمُشْرِكِينَ اسْتَجَارَكَ فَأَجِرْهُ حَتَّى يَسْمَعَ كَلاَمَ اللّهِ ثُمَّ أَبْلِغْهُ مَأْمَنَهُ ذَلِكَ بِأَنَّهُمْ قَوْمٌ لاَّ يَعْلَمُونَ ۞<br>ရောပြွန်းကိုးကွယ်သူတစ်ဦးသည် သင့်ထံ၌ အကာအကွယ်ရလိုခဲ့လျှင် သူ့အား ပရမတ်ဘုရားရှင်၏ ဓမ္မတော် ကြားနာ ရသည်ထိ ကာကွယ်ထားလော့၊[၄၆] ထို့နောက် ဘေးကင်းလုံခြုံရာသို့ ပို့ပေးလော့၊ ဤသည် အတွေးအခေါ်မဲ့သော လူမျိုးတို့၏ အကြောင်းကြောင့်တည်း။ |
| ၇။ | كَيْفَ يَكُونُ لِلْمُشْرِكِينَ عَهْدٌ عِندَ اللّهِ وَعِندَ رَسُولِهِ إِلاَّ الَّذِينَ عَاهَدتُّمْ عِندَ الْمَسْجِدِ الْحَرَامِ فَمَا اسْتَقَامُواْ لَكُمْ فَاسْتَقِيمُواْ لَهُمْ إِنَّ اللّهَ يُحِبُّ الْمُتَّقِينَ ۞<br>ဘေးမဲ့ကျောင်းတော်၌ သင်တို့ မဟာမိတ်ချုပ်ထားသူများမှ အပ အခြား ရောပြွန်းကိုးကွယ်သူ တစ်ဦးတစ်ယောက်သည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်ထံ၌ မည်သို့ မဟာမိတ်ပြုနိုင်အံ့နည်း။ သူတို့သည် သင်တို့အပေါ်၌ ကတိတည်မြဲနေသမျှ သင်တို့လည်း ကတိတည်မြဲနေကြလော့။ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများကို နှစ်သက်တော်မူ၏။ |
| ၈။ | كَيْفَ وَإِن يَظْهَرُوا عَلَيْكُمْ لاَ يَرْقُبُواْ فِيكُمْ إِلاًّ وَلاَ ذِمَّةً يُرْضُونَكُم بِأَفْوَاهِهِمْ وَتَأْبَى قُلُوبُهُمْ وَأَكْثَرُهُمْ فَاسِقُونَ ۞<br>သင်တို့အား စီးနင်းနိုင်သောအခါ သင်တို့နှင့် ဆွေမျိုးတော်စပ် ထုံးဖွဲ့မှုကိုပင် ထောက်ထားမှု မရှိသည့်သူတို့နှင့် မည်သို့ ဖြစ်နိုင်အံ့နည်း၊ သူတို့သည် စိတ်နှလုံးမှ သစ္စာမဲ့လျှက် နှုတ်အားဖြင့် ဖြေသိမ့်တတ်ကြ၏၊ သူတို့မှ အများစုသည် ယုတ်မာကောက်ကျစ်သူများ ဖြစ်ကြ၏။ |
| ၉။ | اشْتَرَوْاْ بِآيَاتِ اللّهِ ثَمَنًا قَلِيلاً فَصَدُّواْ عَن سَبِيلِهِ إِنَّهُمْ سَاء مَا كَانُواْ يَعْمَلُونَ ۞<br>ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတော်များအား မဖြစ်စလောက်ဖြင့် ရောင်းစားကြ၏၊ အရှင်၏ လမ်းစဉ်တော်မှ ဟန့်တားကြ၏၊ အမှန်ပင် သူတို့၏ ကျင့်ကြံမှုများမှာ အကုသိုလ် ဖြစ်၏။ |

(၄၅) ဤသုတ်တော်တွင် ဖမ်းဆီးခံထားရသော သူများအား မေတ္တာမိဌာန် (ဆွလတ်)မြဲမြံလျှင်၊ ပေးဆပ်ဒါန (ဇကတ်)ပေးလျှင် လွှတ်ပေး လိုက်လော့ ဟု ဆိုသည့် အတွက် ထိုသူသည် အစ္စလာမ်သို့ ဝင်မှ လွှတ်ပေးလိုက်လော့ ပြောခြင်း မဟုတ်ပေ၊ ဤသုတ်တော်၌ အစ္စလာမ်သို့ သက်ဝင်ယုံကြည်စေသည့် ယုံကြည်ချက် "ပရမတ်ဘုရားရှင်မှ အပ အခြားဘုရားဟူ၍မရှိ၊ မုဟမ္မဒ်သည် အရှင်၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်၏" ဟူသည်ကို ယုံကြည်ခိုင်းခြင်း လုံးဝ မပါရှိချေ။ ထိုခေတ်ထိုအခါ အာရပ်များသည် သူတို့၏ ဘာသာအလျှောက် ဆွလတ် ပြုကြ၏ ဇကတ် အလှူကို ပေးကြ၏။ ထိုကြောင့် ဤသုတ်တော်ပါ ဆိုလိုချက်မှာ သူသည် အခြားဘာသာ ဖြစ်သော်လည်း အစ္စလာမ်ဘာသာအား မစော်ကား မတိုက်ခိုက်ဘဲ သူ့ဘာသာအလျှောက် ကောင်းမှုပြုသူ ဖြစ်လျှင် လွှတ်ပေးလိုက်လော့၊ လွှတ်ငြိမ်းခွင့်ပေးလိုက်လော့ ဟု ဖြစ်ပေသည်။ အစ္စလာမ်သာသနာသည် မိမိကိုယ်တိုင် ဘာသာရေးလွတ်လပ်ခွင့်ကို နှစ်သက် သကဲ့သို့ သူတစ်ပါး ဘာသာရေး လွတ်လပ်ခွင့်ကိုလည်း အပြည့်အဝ ထောက်ခံပေသည်။ ထိုအကြောင်းကို သုတ်တော် ၆ တွင် အတိအကျ တွေ့နိုင်ပေသည်။

(၄၆) သူ့အား ပရမတ်ဘုရားရှင်၏ ဓမ္မတော်အား ကြားနာရသည်အထိ ကာကွယ်ထားလော့ ဆိုသည်မှာ ထိုသူသည် အစ္စလာမ်သာသနာအား လက်ခံယုံကြည်သည် အထိ ဟု လုံးဝ မဆိုလိုချေ။ သူနှင့်ပတ်သက်၍ မည်သို့ဆုံးဖြတ်ရမည်ကို ပရမတ်ဘုရားရှင်၏ ထံမှ ဉာဏ်စဉ် ကိန်းဝပ် ချမှတ်ပေးသည် အထိ ဟု ဖြစ်ပေသည်။ သူနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ကို ထိုဝါကျ၏ နောက်တွင် တစ်ဆက်တည်းပေးထားပေသည်၊ ထို အဖြေမှာ သူ့အား ဘေးကင်းလုံခြုံသည့် နေရာသို့ ပို့ပေးရမည် ဖြစ်သည်။ ဤသို့ အစ္စလာမ်သာသနာ၏ သဘောထားကြီးမှု၊ ခွင့်လွှတ်မှုများကို အစ္စလာမ်အား ပုတ်ခတ်စွပ်စွဲနေသူများ အနေဖြင့် လေ့လာသင့်ပေသည်။

| | |
|---|---|
| ၁၀။ | لاَ يَرْقُبُونَ فِي مُؤْمِنٍ إِلاًّ وَلاَ ذِمَّةً وَأُوْلَـئِكَ هُمُ الْمُعْتَدُونَ۞<br>ယုံကြည်သူနှင့် ပတ်သက်၍ ဆွေမျိုးတော်စပ်မှုကိုပင် ထောက်ထားကြသည်မဟုတ်၊ သူတို့သည်ကား စည်းဖေါက်သူများ ဖြစ်၏။ |
| ၁၁။ | فَإِن تَابُواْ وَأَقَامُواْ الصَّلاَةَ وَآتَوُاْ الزَّكَاةَ فَإِخْوَانُكُمْ فِي الدِّينِ وَنُفَصِّلُ الآيَاتِ لِقَوْمٍ يَعْلَمُونَ۞<br>အကယ်၍ သူတို့သည် သံဝေဂရလျှက် မေတ္တာဓိဌာန်မြဲကြ၍ လူမှုဖူလုံကြေး ပေးကြသော် သူတို့သည် သာသနာရေး၌ သင်တို့၏ ညီနောင်များ ဖြစ်ကြ၏။[၄၇] ငါသည် သိနိုင်စွမ်းရှိသော လူမျိုးအတို့ သုတ်ဒေသနာများအား ဤသို့ အဖြေမှန်ထုတ်ပေးတော်မူ၏။ |
| ၁၂။ | وَإِن نَّكَثُواْ أَيْمَانَهُم مِّن بَعْدِ عَهْدِهِمْ وَطَعَنُواْ فِي دِينِكُمْ فَقَاتِلُواْ أَئِمَّةَ الْكُفْرِ إِنَّهُمْ لاَ أَيْمَانَ لَهُمْ لَعَلَّهُمْ يَنتَهُونَ۞<br>အကယ်၍ သူတို့သည် အာမဘန္ဓေပြုပြီးမှ ကတိအား ဖေါက်ဖျက်လျှက် သင်တို့၏ သာသနာအား ပုတ်ခတ်စွပ်စွဲကြလျှင် ထိုဖုံးကွယ်သူများ၏ ခေါင်းဆောင်များ၏ ကတိမှာ အချီးနှီးသာဖြစ်၍ သူတို့အား ရပ်တန်းက ရပ်သည်အထိ တော်လှန်ကြလော့။ |
| ၁၃။ | أَلاَ تُقَاتِلُونَ قَوْمًا نَّكَثُواْ أَيْمَانَهُمْ وَهَمُّواْ بِإِخْرَاجِ الرَّسُولِ وَهُم بَدَؤُوكُمْ أَوَّلَ مَرَّةٍ أَتَخْشَوْنَهُمْ فَاللّهُ أَحَقُّ أَن تَخْشَوْهُ إِن كُنتُم مُّؤُمِنِينَ۞<br>မိမိ၏ ကတိကို ဖေါက်ဖျက်လျှက် ဉာဏ်စဉ်တော်ဆောင်အား မောင်းထုတ်ပစ်ရန် ကြံစည်သော၊ သင်တို့အား ဦးစွာ ပထမ စတင်တိုက်ခိုက်သော လူမျိုးအား သင်တို့ တော်လှန်ကြမည် မဟုတ်လော၊ သူတို့အား ကြောက်ရွံ့ကြ သလော၊ သင်တို့သည် ယုံကြည်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်ကိုသာ အမှန်အကန် ကြောက်ရွံ့အပ်၏။ |
| ၁၄။ | قَاتِلُوهُمْ يُعَذِّبْهُمُ اللّهُ بِأَيْدِيكُمْ وَيُخْزِهِمْ وَيَنصُرْكُمْ عَلَيْهِمْ وَيَشْفِ صُدُورَ قَوْمٍ مُّؤْمِنِينَ۞<br>သူတို့အား တော်လှန်ကြလော့၊ ပရမတ်ဘုရားရှင်သည် သူတို့အား သင်တို့၏ လက်အားဖြင့် ဝဋ်ဒဏ်သင့်စေအံ့၊ အရှက်ကွဲစေတော်မူအံ့၊ သူတိုကို ဆန့်ကျင်၍ သင်တို့အား ကူညီတော်မူအံ့၊ သက်ဝင်ယုံကြည်သော လူမျိုး၏ ရင်ကို သက်သာစေတော်မူ၍– |
| ၁၅။<br>☆၂း၇၀<br>★၂း၃၇ | وَيُذْهِبْ غَيْظَ قُلُوبِهِمْ وَيَتُوبُ اللّهُ عَلَى مَن يَشَاء وَاللّهُ عَلِيمٌ حَكِيمٌ۞<br>–သူတို့၏ စိတ်နှလုံးမှ အာဃာတတရားကို သုတ်ယူပစ်တော်မူအံ့။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား☆ သင်ပုန်းချေပေးတော်မူမည်၊★ ပရမတ်ဘုရားရှင်သည်ကား သိနေသောအရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၁၆။<br>☆၂း၂၁၈ | أَمْ حَسِبْتُمْ أَن تُتْرَكُواْ وَلَمَّا يَعْلَمِ اللّهُ الَّذِينَ جَاهَدُواْ مِنكُمْ وَلَمْ يَتَّخِذُواْ مِن دُونِ اللّهِ وَلاَ رَسُولِهِ وَلاَ الْمُؤْمِنِينَ وَلِيجَةً وَاللّهُ خَبِيرٌ بِمَا تَعْمَلُونَ۞<br>သင်တို့အနက် မည်သူသည် စွမ်းစွမ်းတမံရုန်းကန်လျှက်☆ ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် ယုံကြည်သူတို့မှ အပ အခြားသူများအား ထဲထဲဝင်ဝင် ယူမှတ်မှု မရှိသူတို့အား ပရမတ်ဘုရားရှင်က သိတော်မမူမှီ[၄၈] |

(၄၇) အစ္စလာမ်သာသနာသည် ငြိမ်းချမ်းရေးကို လိုလား၍ ကောင်းမှုဆောင်သော မည်သည့် ဘာသာရေးဆောင်ရွက်သူကို မဆို ရန်သူဟု မသတ်မှတ်သည့်အပြင် ဘာသာရေးအရ (ခေါင်းစဉ်မပါဝင်ချေ) ညီနောင်သားချင်းများဟု သတ်မှတ်ပေသည်။ ဘာသာရေးတွင် ဓမ္မမိတ်ဆွေသာ ရှိရမည် ဖြစ်ပြီး ဘာသာရေးရန်သူဟု မရှိရစေရန် အစ္စလာမ် သာသနာက သွန်သင်ပေသည်။ အစ္စလာမ်သာသနာဝင်များ တော်လှန်ရသော ကျမ်းချက်တိုင်းကို ကြည့်ပါက သူတစ်ပါးက စော်ကား၍ ခုခံရခြင်း၊ ငြိမ်းချမ်းစွာနေထိုင်သော လူ့အသိုင်းအဝိုင်းအား သောင်းကျန်းသူများက ဖျက်ဆီးသောကြောင့် ခုခံရခြင်းများသာ ဖြစ်၍ မိမိဘက်မှ အင်အားကြီး၍ အနိုင်ကျင့် စော်ကားခြင်း လုံးဝ မရှိသည်ကို တွေ့ရပေမည်။

| | |
|---|---|
| | သင်တို့အား ချန်ပေးထားမည်ဟု ထင်နေကြသလော၊ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။ |
| ၁၇။<br>☆၂း၆၉<br>★၂း၁၂၅<br>☆၂း၃၉ | **مَا كَانَ لِلْمُشْرِكِينَ أَن يَعْمُرُواْ مَسَاجِدَ الله شَاهِدِينَ عَلَى أَنفُسِهِمْ بِالْكُفْرِ أُوْلَئِكَ حَبِطَتْ أَعْمَالُهُمْ وَفِي النَّارِ هُمْ خَالِدُونَ۞**<br>မိမိစရိုက်ကိုမိမိ ရန်သူဟု☆ သက်သေပြသူ၊ ရောပြွန်းကိုးကွယ်သူတို့သည် ပရမတ်ဘုရားရှင်၏ ဝတ်ကျောင်းတော်အား လှည့်ပတ်ဂါယာပြုခွင့် မရှိ။★ သူတို့၏ ကျင့်ကြံမှုသည် အလဟဿ ပင်ဖြစ်၏၊ သူတို့သည် အပူမီး၌ ကာလမဲ့☆ ခံစားရမည်ပင်။ |
| ၁၈။<br>☆၂း၁၇၇ | **إِنَّمَا يَعْمُرُ مَسَاجِدَ اللهِ مَنْ آمَنَ بِاللهِ وَالْيَوْمِ الآخِرِ وَأَقَامَ الصَّلاَةَ وَآتَى الزَّكَاةَ وَلَمْ يَخْشَ إِلاَّ اللهَ فَعَسَى أُوْلَئِكَ أَن يَكُونُواْ مِنَ الْمُهْتَدِينَ۞**<br>ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို☆ ယုံကြည်လျှက် မေတ္တာဓိဌာန်မြဲကြသော၊ လှူမှုဖူလုံကြေး ပေးကြသော၊ ပရမတ်ဘုရားရှင်ကိုသာ ကြောက်ရွံ့ရိုးကျိုးကြသော သူတို့သည်သာ ပရမတ်ဘုရားရှင်၏ ဝတ်ကျောင်းတော်အား လှည့်ပတ်ဂါယာပြုနိုင်၏။ ထိုသူတို့သည်သာ တရားလမ်းညွှန်ရသည့် သူတို့မှ ဖြစ်ရလေလတ္တံ့။ |
| ၁၉။<br>☆၂း၁၉၆<br>ဟာဂျ် | **أَجَعَلْتُمْ سِقَايَةَ الْحَاجِّ وَعِمَارَةَ الْمَسْجِدِ الْحَرَامِ كَمَنْ آمَنَ بِاللهِ وَالْيَوْمِ الآخِرِ وَجَاهَدَ فِي سَبِيلِ اللهِ لاَ يَسْتَوُونَ عِندَ اللهِ وَاللهُ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۞**<br>ကံဆောင်ပရိဝုဒ်ပြုရာ၌☆ သောက်ရေ ဒါနပြုခြင်း၊ ဘေးမဲ့ဝတ်ကျောင်းတော်အား လှည့်ပတ်ဂါယာ ပြုခြင်းများသည် ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့အား ယုံကြည်လျှက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ စွမ်းစွမ်းတမံ ရုန်းကန်ခြင်း ကဲ့သို့ ဖြစ်ကြသလော၊ ပရမတ်ဘုရားရှင်၏ထံ၌ အလျှဉ်းမတူညီချေ။[၄၈၉] ပရမတ်ဘုရားရှင်သည် အမိုက်စီးသော လူမျိုးအား လမ်းညွှန်ခြင်း မရှိချေ။ |
| ၂၀။<br>☆ ဒါရ်ဂျာ<br>၂း၂၂၈ | **الَّذِينَ آمَنُواْ وَهَاجَرُواْ وَجَاهَدُواْ فِي سَبِيلِ اللهِ بِأَمْوَالِهِمْ وَأَنفُسِهِمْ أَعْظَمُ دَرَجَةً عِندَ اللهِ وَأُوْلَئِكَ هُمُ الْفَائِزُونَ۞**<br>ယုံကြည်လျှက် စွန့်ခွာခဲ့ရကာ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ဉာဉ်စရိုက် ဥစ္စာစည်းစိမ်ကိုစွန့်၍ စွမ်းစွမ်းတမံ ရုန်းကန်သောသူများ၏ အခွင့်အလမ်းမှာ☆ ပရမတ်ဘုရားရှင်၏ ထံတော်၌ ပိုမိုကြီးမား၏၊ ထိုသူတို့သည် အောင်ဆုခူးသူများ ဖြစ်ကြ၏။ |
| ၂၁။ | **يُبَشِّرُهُمْ رَبُّهُم بِرَحْمَةٍ مِّنْهُ وَرِضْوَانٍ وَجَنَّاتٍ لَّهُمْ فِيهَا نَعِيمٌ مُّقِيمٌ۞** |

---

(၄၈၈) ပရမတ်ဘုရားရှင်က သိတော်မမူမှီ ဆိုသည်ကို ဤနေရာအပါအဝင် ကျမ်းတော်၏ အခြားသော နေရာများ၌လည်း တွေ့နိုင်ပေသည်၊ ပရမတ်ဘုရားရှင်သည် စလယ်ဆုံး အားလုံးကို သိနေတော်မူသော အရှင် ဖြစ်ခြင်းကြောင့် အရှင့်အနေဖြင့် သိပြီးသား ဖြစ်ပေသည်။ ထို့ကြောင့် ဤစကား၏ အဓိပ္ပါယ်မှာ "ပရမတ်ဘုရားရှင်က မသိသေး၍" ဟူသော အနက်ကို မဆောင်ပေ။ "သင်တို့အနေဖြင့် လက်တွေ့လုပ်ပြခြင်း မရှိသေးမီ" ဆိုသော အနက်ကိုသာ ဆောင်ပေသည်။ ကျမ်းတော်တွင် သုံးသော ပရမတ်ဘုရားရှင်က သိလိုသည်၊ ပရမတ်ဘုရားရှင်က စမ်းသပ် တော်မူသည်၊ ပရမတ်ဘုရားရှင်က စုံစမ်းတော်မူသည် စသော စကားတိုင်းသည် "သင်တို့၏ ယုံကြည်သည် ဆိုခြင်းကို လက်တွေ့ အကောင်အထည် ဖေါ်ခြင်း ရှိမရှိ သက်သေပြရန် လိုသည်"ဟူသော အနက်မှ လွဲ၍ အခြား ဓိပ္ပါယ်ကို မပေးပေ။ လက်တွေ့မပါသော ယုံကြည်သည် ဟူသည့် စကားကို အစ္စလာမ်က လက်ခံအတည်ပြုခြင်း မရှိချေ။

(၄၈၉) ဟာ့ဂျ် (ကံဆောင်ပါရိဝုဒ်) ပြုရန်သာ စိတ်စောနေပြီး၊ ဟာဂျီများအား ပေးကမ်းလှူဒါန်းလျှင် သာမန်လူသားများအား လှူခြင်းထက် ပိုမိုမြင့်မြတ်သည်ဟု အယူစွဲ မိနေသူများ၊ ဟာ့ဂျ်သွားလိုစိတ်ကြောင့် စီးပွားရမက်တက်နေ၍ ကျန်သော ဘာသာရေးကျင့်ဝတ်များကို မေ့လျော့နေသူများ၊ မိမိ ဘာသာတရား အား အဘက်ဘက်မှ သိက္ခာတက်စေရန် စဉ်းစားမိခြင်း မရှိ၊ သိက္ခာတက်စေရန် မကြိုးစားဘဲ မိမိ၏သိက္ခာတက်ရေး အတွက်သာ ဟာဂျီ ဖြစ်လိုသူ များအား ဤသုတ်တော်က သတိပေး ဆုံးမထားခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ဥယျာဉ် | သူတို့အတွက် ကံကြမ္မာရှင်၏ထံမှ အရှင်၏ကရုဏာနှင့် အားရကျေနပ်မှု သတင်းကောင်းမှာ– သူတို့အတွက် စိတ်ငြိမ်းအေးခြင်း မြဲမြံတည်တံ့ခြင်း **သုခဘုံ**ပင် ဖြစ်၏။ |
| ၂၂။ | **خَالِدِينَ فِيهَا أَبَدًا إِنَّ اللّهَ عِندَهُ أَجْرٌ عَظِيمٌ۞**<br>ထို၌ အစဉ် ကာလမဲ့စံစားရမည်ပင်။ ကေန်ပင် ပရမတ်ဘုရားရှင်၊ အရှင်၏ထံတော်မှ ဆုတော်ကြီးသည် ရှိနေ၏။ |
| ၂၃။ | **يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَتَّخِذُواْ آبَاءكُمْ وَإِخْوَانَكُمْ أَوْلِيَاء إَنِ اسْتَحَبُّواْ الْكُفْرَ عَلَى الإِيمَانِ وَمَن يَتَوَلَّهُم مِّنكُمْ فَأُوْلَئِكَ هُمُ الظَّالِمُونَ۞**<br>အို ယုံကြည်သောသူတို့၊ သင်တို့၏ အဖေများ၊ သင်တို့၏ ညီအစ်ကိုသားချင်းများသည် ယုံကြည်မှုထက် ဖုံးကွယ်မှုကို ပို၍ မြတ်နိုးနေကြလျှင် သူတို့အား ကွပ်ကဲသူအဖြစ် မယူမှတ်ကြလင့်၊ သင်တိုအနက် သူတို့အား ကွပ်ကဲသူ အဖြစ် ခန့်သောသူ– ထိုသူသည် အမိုက်စီးသူပင် ဖြစ်၏။[၆၉၀] |
| ၂၄။ | **قُلْ إِن كَانَ آبَاؤُكُمْ وَأَبْنَآؤُكُمْ وَإِخْوَانُكُمْ وَأَزْوَاجُكُمْ وَعَشِيرَتُكُمْ وَأَمْوَالٌ اقْتَرَفْتُمُوهَا وَتِجَارَةٌ تَخْشَوْنَ كَسَادَهَا وَمَسَاكِنُ تَرْضَوْنَهَا أَحَبَّ إِلَيْكُم مِّنَ اللّهِ وَرَسُولِهِ وَجِهَادٍ فِي سَبِيلِهِ فَتَرَبَّصُواْ حَتَّى يَأْتِيَ اللّهُ بِأَمْرِهِ وَاللّهُ لاَ يَهْدِي الْقَوْمَ الْفَاسِقِينَ۞**<br>ဟောကြားလော့၊ သင်တို့၏ အဖေများ၊ ညီအစ်ကိုများ၊ ပေါင်းဖော်ကြင်ဘက်များ၊ တင်းပြည့်ကျပ်ပြည့် နီးစပ်သူများ၊ ရရှိထားသော ဥစ္စာပစ္စည်းများ၊ ဈေးကွက်ထိုင်းသွားမည်ဟု စိုးရိမ်နေသော ကူးသန်းမှုများ၊ စိတ်ကျေနပ်နေသော အိမ်ဝန်းများသည် သင်တို့အတွက် ပရမတ်ဘုရားရှင်ထက်၊ အရှင့် ဉာဏ်စဉ်တော်ဆောင်ထက်၊ အရှင်၏ လမ်းစဉ်တော်၌ စွမ်းစွမ်းတမံ ရုန်းကန်လှုပ်ရှားခြင်းထက် ပို၍မြတ်နိုးစရာများ ဖြစ်နေခဲ့လျှင် ပရမတ်ဘုရားရှင်၏ စီမံချက် ပေးရောက်သည့်တိုင် စောင့်ဆိုင်း၍ နေကြကုန်လော့၊ ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအား လမ်းမညွှန်ချေ။ |
| ၂၅။ | **لَقَدْ نَصَرَكُمُ اللّهُ فِي مَوَاطِنَ كَثِيرَةٍ وَيَوْمَ حُنَيْنٍ إِذْ أَعْجَبَتْكُمْ كَثْرَتُكُمْ فَلَمْ تُغْنِ عَنكُمْ شَيْئًا وَضَاقَتْ عَلَيْكُمُ الأَرْضُ بِمَا رَحُبَتْ ثُمَّ وَلَّيْتُم مُّدْبِرِينَ۞**<br>သင်တို့၏ အင်အားများပြားမှုသည် သင်တို့အတွက် အသုံးမဝင်၊ တစ်စုံတစ်ရာမျှ ပြည့်စုံခြင်း မရှိ၊ ကျယ်ပြောသော မြေကမ္ဘာသည် သင်တို့အတွက် ကျဉ်းမြောင်းသွားလျှက် သင်တို့ ဆုတ်ခွာထွက်ပြေးရသောအခါ၊ ကေန်မုချပင် ပရမတ်ဘုရားရှင်သည် သင်တို့အား များစွာသော စစ်မြေပြင်နှင့် **ဟိုနန်**[၆၉၁] စစ်ပွဲကာလ၌ ကူညီစောင်မခဲ့ပြီ။ |
| ၂၆။ | **ثُمَّ أَنَزلَ اللّهُ سَكِينَتَهُ عَلَى رَسُولِهِ وَعَلَى الْمُؤْمِنِينَ وَأَنزَلَ جُنُودًا لَّمْ تَرَوْهَا وَعذَّبَ الَّذِينَ كَفَرُواْ وَذَلِكَ جَزَاء الْكَافِرِي۞**<br>ထို့နောက် ပရမတ်ဘုရားရှင်သည် အရှင်၏ ဉာဏ်စဉ်ဆောင်နှင့် ယုံကြည်သူများ၏ အပေါ်သို့ တည်ငြိမ်အေးချမ်းမှုကို |

(၆၉၀) ဤသုတ်တော်က အစ္စလာမ်သို့ သက်ဝင်ကူးပြောင်းသူသည် အစ္စလာမ်သာသနာဝင် မဟုတ်သော မိဘ ညီအစ်ကို ဆွေမျိုးများအား အဆက် ဖြတ်ရမည်ဟု ဆိုခြင်း မဟုတ်ချေ။ စစ်ပွဲကာလတွင် နှစ်ဦးနှစ်ဘက် ရင်ဆိုင်ရသော အခါများတွင် မိမိနှင့် ဆန့်ကျင်ဘက်၌ ရပ်တည်နေသော သူသည် အဖေဖြစ်စေ၊ ညီအစ်ကိုဖြစ်စေ ဖြစ်နေလျှင် သူတို့၏ အကြံဉာဏ်၊ စီမံကွပ်ကဲမှုကို လက်မခံရန်သာ တားမြစ်ခြင်း ဖြစ်ပေသည်။

(၆၉၁) **ဟိုနန်** ***حُنَيْنٍ*** ဆိုသည်ကို မက္ကာဟ်မြို့နှင့် သုံးမိုင်ကွာဝေးသော နေရာတစ်ခု၏ အမည်ဟု သမိုင်းဆရာများက ဆိုကြ၍ ထိုဒေသတွင် မွန်ဆလင် စစ်တပ် နှင့်ရန်သူတို့ စစ်ဖြစ်ပွားခဲ့သည်ဟု မှတ်တမ်းများရှိပေသည်။ သို့သော် ဤကျမ်းချက်တွင် ဆိုလိုသည်မှာ စစ်ပွဲ၏ အကြောင်းကို ဇာတ်လမ်း ပြန်ဆင်ရန် မဟုတ်ချေ။ အင်အားများသော်လည်း စည်းကမ်းပျက်ခဲ့လျှင် စစ်ရေးနိမ့်ရပုံနှင့် အင်အားနည်းသော်လည်း တရားမျှတမှု၌ (ပရမတ် ဘုရားရှင်၏ လမ်းစဉ်တော်၌) ခိုင်မာစွာ ရပ်တည်လျှင် အောင်ပွဲများ ရရှိပုံများကို သွန်သင်ရန်သာ ဖြစ်ပေသည်။ ထိုစကားလုံး၏ ရင်းမြစ်တူ ဝေါဟာရ ကို ၁၉း၁၃ တွင် **ဟနားနန် (မ်)** ဟုတွေ့ရပြီး ကရုဏာသက်သောစိတ် ဟု ဆိုပေသည်။ ထို့ကြောင့် ဤနေရာ၌ နေရာတစ်ခု ဆိုသည်ထက် "မိမိက ရန်သူအား ညှာတာသော စစ်ပွဲ၊ သို့မဟုတ် ဘုရားရှင်က ယုံကြည်သူများအား သနားညှာတာသော စစ်ပွဲ" ဟု ဖြစ်ပေသည်။

| | |
|---|---|
| | ကိန်းဝပ်ချမှတ်ပေးတော်မူ၏။ ထို့နောက် ရန်သူများအား ဝင့်ဒဏ်ခတ်ရန် မမြင်နိုင်သော စစ်သည်တော်များကို ချမှတ်ပေးတော်မူ၏။ ဤသည် ရန်သူများအတွက် ဆုလဒ်ပင် ဖြစ်၏။၄၈၂ |
| ၂၇။<br>☆၂း၇၀<br>★၂း၃၇ | ثُمَّ يَتُوبُ اللّهُ مِن بَعْدِ ذَلِكَ عَلَى مَن يَشَاء وَاللّهُ غَفُورٌ رَّحِيمٌ۞<br>တဖန် ထို့နောက်တွင်မှ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား☆ သင်ပုန်းချေပေးတော်မူ၏။★ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၂၈။<br>✡ ၂း၇၀ | يَا أَيُّهَا الَّذِينَ آمَنُواْ إِنَّمَا الْمُشْرِكُونَ نَجَسٌ فَلاَ يَقْرَبُواْ الْمَسْجِدَ الْحَرَامَ بَعْدَ عَامِهِمْ هَذَا وَإِنْ خِفْتُمْ عَيْلَةً فَسَوْفَ يُغْنِيكُمُ اللّهُ مِن فَضْلِهِ إِن شَاء إِنَّ اللّهَ عَلِيمٌ حَكِيمٌ۞<br>အို ယုံကြည်သောသူတို့၊ ရောပြွန်းကိုးကွယ်သူတို့သည် အယူမသန့်သူများ ဖြစ်၏၊ သို့ဖြစ်၍ ဤနှစ်ကုန်ပြီးသော် သူတို့အား ဘေးမဲ့ကျောင်းတော် အပါးသို့ မချဉ်းကပ်စေရ။ အကယ်၍ သင်တို့သည် စီးပွားကျမည်ကို စိုးရိမ်ခဲ့သော် ပရမတ်ဘုရားရှင်သည် အရှင်၏ သိက္ခာပေးမှုဖြင့် စံချိန်ပြည့်ခဲ့လျှင်✡ ကြွယ်ဝပြည့်စုံစေလတ္တံ့။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။၄၈၃ |
| ၂၉။ | قَاتِلُواْ الَّذِينَ لاَ يُؤْمِنُونَ بِاللّهِ وَلاَ بِالْيَوْمِ الآخِرِ وَلاَ يُحَرِّمُونَ مَا حَرَّمَ اللّهُ وَرَسُولُهُ وَلاَ يَدِينُونَ دِينَ الْحَقِّ مِنَ الَّذِينَ أُوتُواْ الْكِتَابَ حَتَّى يُعْطُواْ الْجِزْيَةَ عَن يَدٍ وَهُمْ صَاغِرُونَ۞<br>ကျမ်းပေးခံရသော သူများအနက် ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့အား မယုံကြည်၊ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်က တရားမဝင် ပြုထားသည်များကို မတားမြစ်၊ မှန်ကန်သာ ဖွဲ့စည်းပုံဥပဒေအား ဥပဒေအဖြစ် လက်မခံသော သူတို့အား လက်နက်ချ အခွန် ပေးဆက်သည်အထိ တော်လှန်ကြလော့။၄၈၄ သူတို့သည် သေးသိမ်သူများ ဖြစ်ကြ၏။ |

(၄၈၂) မမြင်နိုင်သော စစ်သည်များ ဆိုသည်ကို ဆရာတော်ကြီးများက နတ်ဒေဝတာ (မလာအိကာဟ်) များ ဖြစ်သည်ဟု ဖွင့်ဆိုကြပေသည်။ လွန်စွာပင် ဒဏ္ဍာရီဆန်သော ဖွင့်ဆိုမှုဖြစ်၍ ကျမ်းတော်တွင် ထိုအယူအဆအား ထောက်ခံသော အထောက်အထား မရှိချေ။ ဤသုတ်တော်တွင် ဆိုသော မမြင်နိုင်သော စစ်သည်များဆိုသည်မှာ နောက်ကွယ်မှ အင်အား၊ နောက်ကွယ်မှ လက် သို့မဟုတ် ချုံခိုက်တိုက်ခိုက်ရာ၌ ကျွမ်းကျင်သော စစ်သည်တော်များ သို့မဟုတ် ကျည်ကွယ် မျက်ကွယ်မှ (မြင်ကွင်းမှ ကွယ်နေသော စစ်သည်) စစ်သည်များကို ဆိုလိုခြင်းပင် ဖြစ်ပေသည်။

(၄၈၃) အယူမသန့်သူများသည် ဝတ်ကျောင်းတော်တွင် ဘုရားတရားအား အာရုံပြုမှုထက်၊ ထိုဘုရားပွဲတော်ကာလ၌ လူစည်ကားသည်ကို အခွင့်ကောင်းယူ၍ စီးပွားရေးဈေးကွက်အဖြစ် ကုန်ကူးသန်းသော ဓလေ့သည် ထွန်းကားနေ၏ သူတို့အား ဘေးမဲ့ဝတ်ကျောင်းတော်သို့ မချဉ်းကပ်စေခြင်းအားဖြင့် ၎င်းတို့နှင့် စီးပွားဘက်များက စီးပွားရေး ကျမည်ကို စိုးရိမ်နေကြ၏။ သို့သော် သာသနာတော် သန့်ရှင်းစင်ကြယ်စေရန် ဆောင်ရွက်ရာ၌ မည်သည့်အရာကို မဆို အနစ်နာခံရမည် ဖြစ်ကြောင်း ကျမ်းတော်က သွန်သင်ခြင်း ဖြစ်ပေသည်။ ယခုခေတ် ဟာဂျီများအတွက်လည်း ခွင့်ပြုထားသောကူးသန်းမှုထက်ပို၍ စီးပွားရေးဆန်လာမှုများကို လွန်စွာ သတိထားသင့်ပေသည်။

(၄၈၄) အစ္စလာမ့် ဆန့်ကျင်ရေး ဝါဒီများက ဤသုတ်တော်အား ထောက်ပြလျှက် မွန်ဆလင်တို့သည် အစ္စလာမ် သာသနာအား လက်မခံသူများကို နိုင်ထက်စီးနင်း ဖိနှိပ်ထားရမည်ဟု– စွပ်စွဲကြသည်။ ထိုသူများ အနေဖြင့် ဤသုတ်တော်အား သေချာစွာ မဖတ်ဘဲလည်းကောင်း၊ တိုင်းပြည် တစ်ခု၏ ပြည်ထောင်စုမှု ဖွဲ့စည်းခြင်း ဥပဒေစည်းမျဉ်းအား နားမလည်၍လည်းကောင်း ဖြစ်ပေသည်၊ ဤသုတ်တော်တွင် ပြောသော ကျမ်းပေးခံရသူများ ဆိုသည်မှာ ကိုယ်ပိုင်ဥပဒေ ရှိသူများ ဖြစ်ကြောင်း (၅း၄၄–၅၀)နှင့် ထိုသူများအား အစ္စလာမ့် သစ္စာဖြစ်သည့် ပရမတ်ဘုရားရှင်မှပ အခြားဘုရားဟူ၍ မရှိ။ ကိုယ်တော်မုဟမ္မဒ်သည် အရှင့် ဉာဏ်စဉ်ဆောင် ဖြစ်၏ ဟူ၍ သစ္စာခံစေရမည်ဟု လုံးဝ ဆိုမထားပေ။ ထို့ပြင် ထိုကျမ်းပေးခံရသူများ အနက်မှပင် သူတို့အားလုံးကို နလန်မထူနိုင်အောင် လုပ်ထားရမည်ဟု ဆိုမထားချေ၊ ထိုသူများ၏ အနက်မှ နိုင်ငံတော် ဖွဲ့စည်းပုံကို လက်မခံ ဆူပူ သောင်းကျန်းသူများကိုသာ ၎င်းတို့အင်အား ချိနဲ့လျှက် တရားသော ဥပဒေ စည်းမျဉ်းအောက်၌ သြဇာခံဖြစ်နေစေရန် ပြုလုပ်ထားရမည် ဖြစ်သည်၊ ထိုသို့ ပြုလုပ်ရန်မှာ နိုင်ငံတော်ကို ချစ်သော နိုင်ငံသားတိုင်း၏ ဝန်တာပင် ဖြစ်သည်။ ဤဥပဒေအား ပြည်ထောင်စုမှုစစ်စစ် ရေးဆွဲရာတွင် ပါဝင်သော တိုင်းပြည်၏ စည်းလုံးညီညွတ်ရေးကို ဦးထိပ်ထားသော မည်သည့် ဥပဒေပညာရှင်ကမျှ ငြင်းပယ်နိုင်စွမ်း မရှိချေ။

ဤသုတ်တော်မှ **دِين** ဒီးန် ကို ဆရာတော်ကြီးတစ်ချို့က **သာသနာ** ဟု ပြန်ဆိုမှုမှာ အပြည့်အဝ မှန်ကန်မှု မရှိချေ၊ **دِين** ဒီးန် ဆိုသည်မှာ မည်သည့် သာသနာ မဆို ဘာသာ။သာသနာ မေတ္တာရိပ်သက်စွာဖြင့် ရေးဆွဲထားသော ဥပဒေ သို့မဟုတ် နိုင်ငံတော် ဖွဲ့စည်းပုံကိုလည်း ဖေါ်ဆောင်ပေသည်။ ထိုစကားလုံးကို ၁၂း၇၆ ၌ အီဂျစ်ဘုရင်၏ **ဥပဒေ** ပြောဆိုရာတွင် သုံးနှုန်းထားသည်ကို ထင်ထင်ရှားရှား တွေ့နိုင်ပေသည်။

| | |
|---|---|
| ၃၀။<br><br>☆၅း၁၈ | **وَقَالَتِ الْيَهُودُ عُزَيْرٌ ابْنُ اللّهِ وَقَالَتْ النَّصَارَى الْمَسِيحُ ابْنُ اللّهِ ذَلِكَ قَوْلُهُم بِأَفْوَاهِهِمْ يُضَاهِؤُونَ قَوْلَ الَّذِينَ كَفَرُواْ مِن قَبْلُ قَاتَلَهُمُ اللّهُ أَنَّى يُؤْفَكُونَ۞**<br>ရေဝတီများက အုဇိုင်သည်[၄၉၅] ပရမတ်ဘုရားရှင်၏ သားတော်ဟု ဆိုကြ၍၊ ခရစ်ယာန်များက ခရစ်တော်သည် ပရမတ်ဘုရားရှင်၏ သားတော်ဟု ပြောကြ၏၊☆ ယင်းသည် သူတို့၏ နှုတ်ဖျားစကားသာ ဖြစ်၏၊ သူတို့သည် ရှေးက ဖုံးကွယ်သူများ၏ အဆိုကို အတုခိုးကြ၏။ ပရမတ်ဘုရားရှင်သည် သူတို့အား တော်လှန်တော်မူ၏၊ သူတို့သည် မည်မျှ ဝေးကွာ နေကြကုန်သနည်း။ |
| ၃၀။<br><br>✡ ၅း၆၃ | **اتَّخَذُواْ أَحْبَارَهُمْ وَرُهْبَانَهُمْ أَرْبَابًا مِّن دُونِ اللّهِ وَالْمَسِيحَ ابْنَ مَرْيَمَ وَمَا أُمِرُواْ إِلاَّ لِيَعْبُدُواْ إِلَـهًا وَاحِدًا لاَّ إِلَـهَ إِلاَّ هُوَ سُبْحَانَهُ عَمَّا يُشْرِكُونَ۞**<br>သူတို့သည် သူတို့၏ ဓမ္မစရိယများ၊ ဘုန်းတော်ကြီးများနှင့်✡ မာရိ၏သား ခရစ်တော်အား ပရမတ်ဘုရားရှင်နှင့် ဂုဏ်တုပြိုင် အယူထားကြ၏။ သူတို့အား တစ်ပါးတည်း ဘုရားရှင်ကိုသာ ကိုးကွယ်ကြရန် မိန့်ညွှန်ခြင်းခံခဲ့ရ၏။ ထိုအရှင်မှ အပ အခြား ဘုရားဟူ၍ မရှိချေ၊ အရှင်သည် ရောပြွန်းဖက်စပ်ခြင်းမှကင်းသည့် အတုမဲ့ ဖြစ်တော်မူ၏။ |
| ၃၂။ | **يُرِيدُونَ أَن يُطْفِؤُواْ نُورَ اللّهِ بِأَفْوَاهِهِمْ وَيَأْبَى اللّهُ إِلاَّ أَن يُتِمَّ نُورَهُ وَلَوْ كَرِهَ الْكَافِرُونَ۞**<br>ပရမတ်ဘုရားရှင်၏ ရောင်ခြည်တော်အား သူတို့၏ ပါးစပ်ဖြင့် မှုတ်ငြိမ်းလိုကြ၏၊ ဖုံးကွယ်သူတို့ မလိုမုန်းထားသော်လည်း ပရမတ်ဘုရားရှင်သည် အတည်ပြုသည်မဟုတ် မိမိ၏ ရောင်ခြည်တော်ကိုသာ စုံလင်စေတော်မူမည်။[၄၉၆] |
| ၃၃။<br><br>စေလွှတ် | **هُوَ الَّذِي أَرْسَلَ رَسُولَهُ بِالْهُدَى وَدِينِ الْحَقِّ لِيُظْهِرَهُ عَلَى الدِّينِ كُلِّهِ وَلَوْ كَرِهَ الْمُشْرِكُونَ**<br>အရှင်သည် ရောပြွန်းကိုးကွယ်သူများက မလိုမုန်းထားကြသော်လည်း သာသနာအားလုံးကို လွှမ်းမိုးနိုင်ရန် အလို့ငှာ လမ်းညွှန်တော်၊ စစ်မှန်သော သာသနာတော်အားဖြင့် ဥာဏ်စဉ်ဆောင်အား **စေစား**တော်မူ၏။[၄၉၇] |
| ၃၄။<br><br>မတော်<br>မတရား | **يَا أَيُّهَا الَّذِينَ آمَنُواْ إِنَّ كَثِيرًا مِّنَ الأَحْبَارِ وَالرُّهْبَانِ لَيَأْكُلُونَ أَمْوَالَ النَّاسِ بِالْبَاطِلِ وَيَصُدُّونَ عَن سَبِيلِ اللّهِ وَالَّذِينَ يَكْنِزُونَ الذَّهَبَ وَالْفِضَّةَ وَلاَ يُنفِقُونَهَا فِي سَبِيلِ اللّهِ فَبَشِّرْهُم بِعَذَابٍ أَلِيمٍ۞**<br>အို ယုံကြည်သောသူတို့၊ ကေန်ပင် များစွာသော ဓမ္မစရိယများ၊ ဘုန်းတော်ကြီးများသည် လူသားတို့၏ ဥစ္စာပစ္စည်းများကို **အတွင်းနိုက်၍** စားသုံးလျက်၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဟန့်တားကြ၏၊ ရွှေ၊ ငွေ ရတနာများကို ကျစ်ထားလျက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ သုံးစွဲခြင်းလည်း မရှိချေ။ သူတို့အား စူးနစ်သော ဝဋ်ကြွေး အကြောင်း သတင်းကောင်းကိုပါးလော့။[၄၉၈] |

(၄၉၅) ကိုယ်တော် အုဇိုင်၏ အမည်ကို ကျမ်းတော်တွင် ဤတစ်ကြိမ်တည်းသာ ဖေါ်ပြထားပေသည်။ ဂျူးလူမျိုးများအတွက် အသည်းစွဲ တမန် တော် တစ်ပါးဖြစ်၍ သူ့အကြောင်းကို Encyclopedia Britannica Vol. 10 စာမျက်နှာ ၁၀၄ ၁၀၅ တွင်လည်း တွေ့နိုင်ပေသည်။

(၄၉၆) ပရမတ်ဘုရားရှင်၏ ရောင်ခြည်တော်ဆိုသည်မှာ တရားဒေသနာတော်ကို ဆိုလိုခြင်း ဖြစ်၍၊ အရှင် ချမှတ်ပြဋ္ဌာန်းသော လောကဓမ္မ တရား ဒေသနာတော်အား ဖုံးကွယ်ငြင်းပါယ်သူများက မည်မျှပင် မလိုမုန်းထား တိုက်ခိုက်ခြင်း၊ မဟုတ်မတရား ဝါဒဖြန့်ခြင်းများ ပြုလုပ်သော်လည်း တရား ဒေသနာစစ်စစ်မှာ ထွန်းတောက်လာရမည်ပင် ဟု ကတိပေးထားသော သုတ်တော် တစ်ပါးပင် ဖြစ်ပေသည်။

(၄၉၇) **အရ်ဆလ** ကို ဆရာတော်ကြီးများက စေလွှတ်သည်ဟု ပြန်ဆိုကြပေသည်။ ထိုသို့ပြန်ဆိုချက်မှာ လုံးဝမှန်ကန်သော်လည်း မြန်မာစာဖတ်သူ များအတွက် နားလည်းမှု လွဲနိုင်ပေသည်။ ဤနေရာတွင် သုံးသော ထိုစကား၏ အဓိပ္ပါယ်မှာ တစ်နေရာမှ တစ်နေရာသို့ (မူလ အလ္လာဟ့် အပါးတွင် ခစားနေရာမှ လောကလူသားများသို့) ခန္ဓာကိုယ်အားဖြင့် စေလွှတ်ခံရခြင်း မဟုတ်ချေ။ ပရမတ်ဘုရားရှင်၏ မူလဇစ်မြစ် ဥာဏ်စဉ်တော်အား ကိုယ် တော် မုဟမ္မဒ်၏ ဥာဏ်တော်မှ ဆိုက်ရောက်ခွင့်ရခြင်း တနည်းအားဖြင့် သဗ္ဗညုတဉာဏ်စဉ်ကို ဆိုက်ရောက်ခြင်းသာ ဖြစ်ပေသည်။ ဥာဏ်စဉ်တော် အားဖြင့် "လောကဓမ္မကို သိခြင်း" ဖြစ်၍ ဤနေရာတွင် "စေလွှတ်သည်" ဟုပြန်မည့်အစား "စေစားသည်" ဟု ပြန်ဆို ခြင်း ဖြစ်ပေသည်။

(၄၉၈) ဤသုတ်တော်သည် ဘာသာတရား၏ ခေါင်းစဉ်ကို လုပ်ကိုင်စားသောက်စရာ အဖြစ် အသုံးပြုနေကြသော ဘာသာရေးသမား အမည်ခံ ဘာသာရေးလုပ်စားသူ များအား ပြင်းထန်စွာ သတိပေးထားသော သုတ်တော်တစ်ပါး ဖြစ်၍၊ နောက်လိုက်ဒကာ အပေါင်းကလည်း မိမိတို့၏ ဦးဆောင်လမ်းပြ အဖြစ် ထင်မှတ်သူအား မျက်စိစုံမှိတ်၍ မကြည်ညိုသင့်ပေ။ မိမိတို့၏ ဘာသာရေး ဆရာတော်များကိုလည်း သုံးသပ်ရဲရန် လိုအပ် ပေသည်။

| | |
|---|---|
| ၃၅။<br><br>စုဆောင်း | يَوْمَ يُحْمَى عَلَيْهَا فِي نَارِ جَهَنَّمَ فَتُكْوَى بِهَا جِبَاهُهُمْ وَجُنوبُهُمْ وَظُهُورُهُمْ هَذَا مَا كَنَزْتُمْ لأَنفُسِكُمْ فَذُوقُواْ مَا كُنتُمْ تَكْنِزُونَ۞<br>ငရဲဘုံ၏ အပူမီးထဲ၌ ရှို့မြိုက်ခံရသော ကာလ၌ သူတို့၏ နဖူးများ၊ နံဘေးများနှင့် ကျောကုန်းများကို ၎င်းအားဖြင့် အမှတ်တံဆိပ် ခပ်နှိပ်လတ္တံ့၊ ဤသည် သင်တို့၏ စရိုက်အတွက် သင်တို့ **ကျစ်ထား**ခဲ့ရာများဖြစ်၏၊ သို့ဖြစ်၍ သင်တို့ ကျစ်ထားခဲ့ရာများကို မြည်းစမ်းကြလော့။ |
| ၃၆။<br><br>☆၂း၁၉၇<br>ဝါတွင်းလ | إِنَّ عِدَّةَ الشُّهُورِ عِندَ اللّهِ اثْنَا عَشَرَ شَهْرًا فِي كِتَابِ اللّهِ يَوْمَ خَلَقَ السَّمَاوَات وَالأَرْضَ مِنْهَا أَرْبَعَةٌ حُرُمٌ ذَلِكَ الدِّينُ الْقَيِّمُ فَلاَ تَظْلِمُواْ فِيهِنَّ أَنفُسَكُمْ وَقَاتِلُواْ الْمُشْرِكِينَ كَآفَّةً كَمَا يُقَاتِلُونَكُمْ كَآفَّةً وَاعْلَمُواْ أَنَّ اللّهَ مَعَ الْمُتَّقِينَ۞<br>မိုးများနှင့် မြေအား ဖြစ်တည်စေသည့် ကာလမှစ၍ ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းမှု၌ လများ၏ အရေအတွက်မှာ ဆယ့်နှစ်လ ဖြစ်၍[၉၉] ယင်းတို့၌ လေးလသည်☆ **ဘေးမဲ့လများ** ဖြစ်၏။ ဤသည် တသမတ်တည်း ဖြစ်သော လမ်းစဉ်ပင်တည်း။ ထိုလများအတွင်း မိမိတို့၏ စရိုက်များအား အမိုက်မစီးစေကြလင့်၊ သင်တို့အား တိုက်ခိုက်ကြသည့်နည်း အားလုံးဖြင့် ရောပွန်းကိုးကွယ်သူများအား ပြန်လည်တော်လှန်လော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများနှင့် အတူ ရှိတော်မူကြောင်းကို သိမှတ်ကြလော့။ |
| ၃၇။ | إِنَّمَا النَّسِيءُ زِيَادَةٌ فِي الْكُفْرِ يُضَلُّ بِهِ الَّذِينَ كَفَرُواْ يُحِلِّونَهُ عَامًا وَيُحَرِّمُونَهُ عَامًا لِّيُوَاطِؤُواْ عِدَّةَ مَا حَرَّمَ اللّهُ فَيُحِلُّواْ مَا حَرَّمَ اللّهُ زُيِّنَ لَهُمْ سُوءُ أَعْمَالِهِمْ وَاللّهُ لاَ يَهْدِي الْقَوْمَ الْكَافِرِينَ۞<br>အချိန်ဆွဲထားခြင်းသည် ဖုံးကွယ်ခြင်း၌ တိုးပွားစေခြင်းသာ ဖြစ်၏။ ဖုံးကွယ် လွဲဖယ်သောသူသည် ၎င်းအား တစ်နှစ်တွင် တရားဝင်ပြု၍၊ နောင်နှစ်တွင် ပရမတ်ဘုရားရှင်က တရားမဝင်ပြုထားသည်ကို ဆက်ခံလျှက် တရားမဝင်ပြုကြ၏၊ ဤသို့ သူတို့၏ အကုသိုလ် ကျင့်ဆောင်မှုများကို သူတို့အတို့ ကြည်နူးစေဟန်ပြုထား၏၊ ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သော လူမျိုးအား လမ်းညွှန်တော် မမူချေ။[၁၀၀] |
| ၃၈။ | يَا أَيُّهَا الَّذِينَ آمَنُواْ مَا لَكُمْ إِذَا قِيلَ لَكُمُ انفِرُواْ فِي سَبِيلِ اللّهِ اثَّاقَلْتُمْ إِلَى الأَرْضِ أَرَضِيتُم بِالْحَيَاةِ الدُّنْيَا مِنَ الآخِرَةِ فَمَا مَتَاعُ الْحَيَاةِ الدُّنْيَا فِي الآخِرَةِ إِلاَّ قَلِيلٌ۞<br>အို ယုံကြည်သောသူတို့ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်အတွက် ထွက်ခွာကြရန် ပြောသောအခါ၊ အဘယ်ကြောင့် မြေပေါ်၌ လေးလံနေကြကုန်သနည်း။[၁၀၁] သင်တို့သည် ဤလောကီဘဝကို နောင်ဘဝထက် ပို၍ အားကျနေသလော၊ ဤလောကီဘဝ၏ ခွဲတမ်းသည် နောက်ဘဝနှင့်ယှဉ်လျှင် အနည်းငယ်မျှသာ ဖြစ်ချေ၏။ |
| ၃၉။ | إِلاَّ تَنفِرُواْ يُعَذِّبْكُمْ عَذَابًا أَلِيمًا وَيَسْتَبْدِلْ قَوْمًا غَيْرَكُمْ وَلاَ تَضُرُّوهُ شَيْئًا وَاللّهُ عَلَى كُلِّ شَيْءٍ قَدِيرٌ۞<br>မထွက်ခွာကြလျှင် သင်တို့အား စူးနစ်သော ဝဋ်ဒဏ်အားဖြင့် ဝဋ်ဒဏ်သင့်စေ၍၊ သင်တို့အား အခြားလူမျိုးဖြင့် လဲလှယ်တော်မူလတ္တံ့၊ သင်တို့သည် အရှင့်အား တစ်စုံတစ်ရာမျှ နစ်နာစေနိုင်သည် မဟုတ်ချေ၊ ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ချမှတ်နိုင်တော်မူ၏။[၁၀၂] |

---

**(၉၉)** အစ္စလာမ် ပြက္ခဒိန်အား "လ ကို အခြေခံသည့်" တွက်နည်းဖြင့် တွက်ချက်ကြောင်း (၂း၁၈၄) တွင် ရှင်းခဲ့ပြီးဖြစ်သည်။ ထိုလများ ရေတွက်ရာတွင် လတိုင်း၌ လဆန်း (၁)ရက် ဆိုသည်မှာ ရှိနေပါလျှက် ယခု ခေတ်မွတ်ဆလင်များ အနေဖြင့် ရမ်သွမ်လ (၁) တစ်ရက်နေ့နှင့် ရှောင် ဝါလ်လ (၁) ရက်နေ့ကိုသာ မဖြစ်မနေ လဆန်း တစ်ရက် ဟုတ်မဟုတ် လကြည့် နေကြသည်မှာ လွန်စွာ အံ့သြစရာပင် ဖြစ်ပေသည်။

**(၁၀၀)** ဤသုတ်တော်၏ ဆိုလိုချက်မှာ အများသဘောတူ သတ်မှတ်ထားသော စစ်မတိုက်ရသော လ များကို သူတို့အလိုကျ ပြုပြင်စီရင်ခြင်း၊ စစ်တိုက်လိုလျှင် ထိုလများကို နောက်ဆုတ်ထား၍ သူတို့စစ်ပန်းလျှင် ထိုလများကို အတည်ပြုခြင်း ကမောက်က မပြုလုပ်ကြခြင်းကို ဆိုလိုပေသည်။

**(၁၀၁)** မြေပေါ်၌ လေးလံနေခြင်း (ကမ္ဘာ့ ဆွဲအား၌ အလိုက်သင့် ထိုင်ချလိုက်ခြင်း) ဆိုသည်မှာ မိမိမြေ၊ မိမိအိမ်မှ စွန့်ခွာ ခရီးထွက်ရန် ဖင့်နွှဲ့နေခြင်း၊ ကမ္ဘာ့ဆွဲအားကို လွန်ဆန်၍ ရင်မဆိုင်ရဲခြင်းကို ဆိုလိုပေသည်။

၄၀။ إِلاَّ تَنصُرُوهُ فَقَدْ نَصَرَهُ اللّهُ إِذْ أَخْرَجَهُ الَّذِينَ كَفَرُواْ ثَانِيَ اثْنَيْنِ إِذْ هُمَا فِي الْغَارِ إِذْ يَقُولُ لِصَاحِبِهِ لاَ
تَحْزَنْ إِنَّ اللّهَ مَعَنَا فَأَنزَلَ اللّهُ سَكِينَتَهُ عَلَيْهِ وَأَيَّدَهُ بِجُنُودٍ لَّمْ تَرَوْهَا وَجَعَلَ كَلِمَةَ الَّذِينَ كَفَرُواْ السُّفْلَى
وَكَلِمَةُ اللّهِ هِيَ الْعُلْيَا وَاللّهُ عَزِيزٌ حَكِيمٌ۞

သင်တို့သည် သူ့အား မကူညီသော်လည်း၊ သူ့အား ရန်သူများက နှင်ထုတ်သောအခါ ပရမတ်ဘုရားရှင်က ကူညီခဲ့၏၊ သူသည် နှစ်ယောက်အနက် တစ်ယောက်ဖြစ်၍၊ သူတို့သည် လိုင်ဂူတွင်း၌ရှိနေစဉ် သူ၏ အဖော်အား "မစိုးရိမ်လေနှင့် ဧကန်ပင် ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့နှင့် အတူရှိ၏"ဟု ပြောသောအခါ၊ ပရမတ်ဘုရားရှင်သည် သူ့အား စိတ်လုံခြုံမှုကို ကိန်းဝပ်ပေး၏၊ သူ့အပေါ်၌ မမြင်နိုင်သော စစ်တပ်ကြီးဖြင့် အားဖြည့်ပေး၍၊ ရန်သူတို့၏ စကားများကို အောက်ဆုံးသို့ ကျဆင်းစေကာ ပရမတ်ဘုရားရှင်၏ စကားတော်အား အမြင့်ဆုံးသို့ တက်စေ၏။ ပရမတ်ဘုရားရှင်သည်ကား ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၅၀၃]

၄၁။ انْفِرُواْ خِفَافًا وَثِقَالاً وَجَاهِدُواْ بِأَمْوَالِكُمْ وَأَنفُسِكُمْ فِي سَبِيلِ اللّهِ ذَلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ۞

လေးလံ

လျှင်မြန်ပေါ့ပါးစွာ ဖြစ်စေ၊ **အေးဆေးတည်ငြိမ်**စွာ ဖြစ်စေ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ထွက်ခွာလျှက် မိမိ၏ စရိုက်များ၊ ဥစ္စာများဖြင့် ရုန်းကန်လှုပ်ရှားလော့၊ ဤသည် သင်တို့အဘို့ အမြတ်ဆုံးဖြစ်၏၊ သင်တို့ သိကြပါလေစ။[၅၀၄]

၄၂။ لَوْ كَانَ عَرَضًا قَرِيبًا وَسَفَرًا قَاصِدًا لاَّتَّبَعُوكَ وَلَكِن بَعُدَتْ عَلَيْهِمُ الشُّقَّةُ وَسَيَحْلِفُونَ بِاللّهِ لَوِ اسْتَطَعْنَا
لَخَرَجْنَا مَعَكُمْ يُهْلِكُونَ أَنفُسَهُمْ وَاللّهُ يَعْلَمُ إِنَّهُمْ لَكَاذِبُونَ۞

အကယ်၍ အကျိုးအမြတ် နီးစပ်လျှက် ခရီးသည်လည်း မဝေးကွာလွန်းလျှင် သင့်နောက်သို့ လိုက်ကြကုန်လတ္တံ့၊ သို့သော် ခရီးသည် ဝေးလွန်းသည်ဟု ခံစားလျှက်၊ ပရမတ်ဘုရားရှင်အား တိုင်တည်ကာ "ကျွန်ုပ်တို့သာ တတ်နိုင်ခဲ့ပါက သင်နှင့်အတူ ပါသွားမည်ပင်၊"ဟု သူတို့၏ စရိုက်ကို ပျက်သုဉ်းစေကြ၏၊ သူတို့သည် မုသားကောင်များ ဖြစ်သည်ကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။

၄၃။ عَفَا اللّهُ عَنكَ لِمَ أَذِنتَ لَهُمْ حَتَّى يَتَبَيَّنَ لَكَ الَّذِينَ صَدَقُواْ وَتَعْلَمَ الْكَاذِبِينَ۞

ပရမတ်ဘုရားရှင်သည် သင့်အား လွတ်ငြိမ်းခွင့်ပေး၏၊[၅၀၅] သင်သည် မှန်ကန်သူများကို ထင်ရှားစွာ မသိမီ အဘယ်

---

(၅၀၂) ဤသုတ်တော်က လူမျိုးတစ်မျိုးသည် မိမိလူမျိုးအတွက်၊ မိမိနိုင်ငံအတွက် တာဝန်မကျေသော၊ တာဝန်မယူသော၊ တာဝန်ယူရန်စိတ်မရှိသော လူမျိုးဖြစ်ခဲ့လျှင်၊ အခြားသော တာဝန်ယူမည့် မျိုးဆက်သစ်ကို ပေါ်ထွန်းစေမည်ဟု သတိပေးခြင်း ဖြစ်ပေသည်။ ယင်းသည် ကမ္ဘာ့ လူ့သမိုင်း၏ မှန်ကန်သော သစ္စာ တစ်ရပ်ပင် ဖြစ်ပေသည်။ ထိုတာဝန်မကျေသော လူမျိုးသည်လည်း လူ့သမိုင်းတွင် တရားခံလူမျိုးမှအပ အခြား စံပြလူမျိုးတစ်ရပ် မဖြစ်နိုင်တော့ပေ၊ ၎င်းကို စူးနစ်သော ဝဋ်ဒဏ်အားဖြင့် ဝဋ်ဒဏ်သင့်စေမည် ဟူသည့် စကားတော်က ထောက်ပြလျှက်ရှိပေသည်။

(၅၀၃) ဤသုတ်တော်တွင် ပြောသော သူ ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်အား နာမ်စားဖြင့် ပြောဆိုခြင်း ဖြစ်ပေသည်။ ရန်သူများက ကိုယ်တော့အား သုတ်သင်ရန်လိုက်လံလျှက် မွေးရပ်မြေမှ နှင်ထုတ်သော အခါ၊ ကိုယ်တော်တွင် အဖော်တစ်ဦးသာ ရှိနေပြီး၊ ကိုယ်တော်တို့နှစ်ဦး ပုန်းကွယ်ရာ၌ ခိုလှုံ နေရစဉ်တွင် ကိုယ်တော်နှင့်အတူ ရှိနေသော အဖော်မှာ အစ္စလာမ်သမိုင်းအရ ကိုယ်တော်၏ အုပ်ချုပ်မှု အရိုက်အရာအား ပထမဦးဆုံး ဆက်ခံသည့် **အဘူဘကရ် ဆွဒ်ဒီးက်** ပင်ဖြစ်ပေသည်။ ကိုယ်တော်တို့အား မမြင်ရသော စစ်တပ်ကြီးဖြင့် ကူညီသည် ဆိုခြင်းမှာ လူသိရှင်ကြား မဟုတ်သော်လည်း တိတ်တဆိတ် လျှို့ဝှက်၍ ကိုယ်တော့အား ထောက်ခံနေသော အင်အားစုကြီး သို့မဟုတ် ကိုယ်တော်တို့အား ကြိုဆိုနေမည့် မဒီနာမြို့မှ လူထုကြီးကို ဆိုလိုပေသည်၊ ၎င်းကို "ရန်သူတို့၏ စကားများကို အောက်ဆုံးသို့ ကျစေ၍၊ ပရမတ်ဘုရားရှင် စကားတော်အား အမြင့်ဆုံးသို့ တက်စေ၏" ဆိုသော စကားက သက်သေတည်လျှက် ရှိပေသည်။ ဆိုလိုသည်မှာ ရန်သူများ၏ ဝါဒဖြန့်ချီမှုသည့် အချိုးနီးဖြစ်ရ၍၊ ဘုရားရှင်၏ ဓမ္မသည်သာ အောင်မြင် ပေါက်မြောက်ရမည် ဟု ဖြစ်ပေသည်။

(၅၀၄) ဤသုတ်တော်မှ ပေါ့ပါးစွာ ဖြစ်စေ၊ လေးလံစွာ ဖြစ်စေ ဆိုသည်ကို ဆရာတော်ကြီးများက လက်နက်မရှိဘဲ ပေါ့ပါးစွာ ဖြစ်စေ၊ လက်နက်ကိုင်ဆောင်လျှက် လေးလံစွာ ဖြစ်စေ ဟု ဘာသာပြန် ကြပေသည်။ ပရမတ်ဘုရားရှင်၏ လမ်းစဉ်ဆိုသည်ကို စစ်တိုက်ရသည်ဟု တစ်ခုတည်း မြင်ယောင်နေ၍ မရပေ။ ထိုစကားတွင် လူသားအကျိုးပြု လုပ်ငန်းများ အားလုံး ပါဝင်ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပေါ့ပေါ့ပါးပါး ဆောင်ရွက်နိုင်သော ရေတို စီမံကိန်း၊ အေးဆေးတည်ငြိမ်စွာ စီမံချက်ချရ လုပ်ဆောင်ရမည့် ရေရှည် စီမံကိန်း သဘောတရားများလည်း ပါဝင်နေပေသည်။ လူ့လောက အကျိုးပြု လုပ်ငန်းများကို လုပ်ဆောင်သော အခါ၊ ကောက်ရိုးမီးကဲ့သို့ ခဏတဖြုတ် လုပ်ဆောင်၍ မပြီးသော အရာပေါင်းများစွာ ရှိနေပေသည်။ ထို့ကြောင့် ဤနေရာတွင် လေးလံစွာ ဆိုသော စကားကို အေးဆေးတည်ငြိမ်စွာ ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ကြောင့် သူတို့အား ကျန်နေခွင့် ပြုလေသနည်း၊ သူတို့သည် မုသားကောင်များ ဖြစ်သည်ကို သိမှတ်လော့။ |
| ၄၄။ | لاَ يَسْتَأْذِنُكَ الَّذِينَ يُؤْمِنُونَ بِاللهِ وَالْيَوْمِ الآخِرِ أَن يُجَاهِدُواْ بِأَمْوَالِهِمْ وَأَنفُسِهِمْ وَاللهُ عَلِيمٌ بِالْمُتَّقِينَ۝<br>ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သူများက သူတို့၏ ဥစ္စာပစ္စည်းများ ဘဉ်စရိုက်များအားဖြင့် ရုန်းကန်လှုပ်ရှားရခြင်းမှ သင့်ထံ၌ ကင်းလွတ်ခွင့် တောင်းကြသည်မဟုတ်။ ပရမတ်ဘုရားရှင်သည် စည်းစောင့်သူများကို ကုန်စင်သိနေတော်မူ၏။ |
| ၄၅။ | إِنَّمَا يَسْتَأْذِنُكَ الَّذِينَ لاَ يُؤْمِنُونَ بِاللهِ وَالْيَوْمِ الآخِرِ وَارْتَابَتْ قُلُوبُهُمْ فَهُمْ فِي رَيْبِهِمْ يَتَرَدَّدُونَ۝<br>ပရမတ်ဘုရားရှင်နှင့် နောင်ဘဝကာလကို မယုံကြည်သူများသည်သာ ကင်းလွတ်ခွင့်ကို သင့်ထံမှ တောင်းကြ၏။ သူတို့၏ စိတ်နှလုံးများသည် သံသယ၌ရှိ၏၊ သို့ဖြင့် သူတို့၏သံသယက သူတို့အား ယိမ်းယိုင်လွှင့်ပါးစေပြီ။ |
| ၄၆။ | وَلَوْ أَرَادُواْ الْخُرُوجَ لأَعَدُّواْ لَهُ عُدَّةً وَلَكِن كَرِهَ اللهُ انبِعَاثَهُمْ فَثَبَّطَهُمْ وَقِيلَ اقْعُدُواْ مَعَ الْقَاعِدِينَ۝<br>အကယ်၍ သူတို့သည် ထွက်ခွာလိုလျှင် ပြင်ဆင်စရာရှိသည်ကို ပြင်ဆင်ထားကြလတ္တံ့၊ သို့ရာတွင် သူတို့၏ တက်ကြခြင်းကို ပရမတ်ဘုရားရှင်သည် နှစ်ခြိုက်တော် မမူချေ။ သို့ဖြစ်၍ သူတို့အား ပယ်ချလျှက် ထိုင်နေသူများနှင့်အတူ ထိုင် နေခဲ့ရန် မိန့်ဆို၏။ |
| ၄၇။ | لَوْ خَرَجُواْ فِيكُم مَّا زَادُوكُمْ إِلاَّ خَبَالاً ولأَوْضَعُواْ خِلاَلَكُمْ يَبْغُونَكُمُ الْفِتْنَةَ وَفِيكُمْ سَمَّاعُونَ لَهُمْ وَاللهُ عَلِيمٌ بِالظَّالِمِينَ۝<br>သူတို့သည် သင်တို့နှင့်အတူ ထွက်ခွာခဲ့လျှင် သင်တို့အား တိုးပွားစေခြင်း မရှိ၊ ဆုတ်ယုတ်ခြင်းသာ ရှိ၏၊ သင်တို့ အကြား၌ လူးလာပြန်ခတ် သွားလာလျှက် ထိခိုက်စေရန် **လုံးပန်း**လျှက်၊ သူတို့အတွက် နားစွင့်သူများ ဖြစ်ကြ၏၊[၁၀၆] ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များကို သိနေတော်မူပေ၏။ |
| ၄၈။ | لَقَدِ ابْتَغَوُاْ الْفِتْنَةَ مِن قَبْلُ وَقَلَّبُواْ لَكَ الأُمُورَ حَتَّى جَاء الْحَقُّ وَظَهَرَ أَمْرُ اللهِ وَهُمْ كَارِهُونَ۝<br>သူတို့သည် ယခင်ကလည်း ထိခိုက်မှုကို လုံးပန်းခဲ့ပြီ၊ အမှန်တရား ရောက်မလာသ၍၊ သင်၏ စီမံချက်များကို ကပြောင်းကပြန် ဖြစ်စေကြ၏၊ သူတို့ မနှစ်မြို့သော်လည်း ပရမတ်ဘုရားရှင်၏ အစီအမံသည် ပေါ်လွင်ခဲ့ပြီ။ |
| ၄၉။ | وَمِنْهُم مَّن يَقُولُ ائْذَن لِّي وَلاَ تَفْتِنِّي أَلاَ فِي الْفِتْنَةِ سَقَطُواْ وَإِنَّ جَهَنَّمَ لَمُحِيطَةٌ بِالْكَافِرِينَ۝<br>သူတို့အနက် "ကျွန်ုပ်အား ကင်းလွတ်ခွင့်ပေးပါ၊ ကျွန်ုပ်အား မထိခိုက်စေပါနှင့်၊" ဟု ပြောသူလည်း ရှိ၏၊ သူတို့သည်သာ ထိခိုက်နစ်နာမှု၌ လိုမ့်ဆင်းကြ၏၊ ကေန်ပင် ငရဲဘုံသည် ဖုံးကွယ်သူများအား ဝိုင်းထားလေပြီ။[၁၀၇] |

---

**(၁၀၅)** သင့်အား လွတ်ငြိမ်းခွင့်ပေး၏ ဆိုသော စကားကို ထောက်၍ အစ္စလာမ်အား စော်ကားသူများက ကိုယ်တော်မုဟမ္မဒ်သည် လုံးဝ ဉသုံ အပြစ် ကင်းသူမဟုတ်၊ အပြစ်ကို ကျူးလွန်မိ၍ ဘုရားရှင်က ခွင့်လွှတ်ပေးရသည် ဟု ရေးသား ပြောဆိုမှုများသည်၊ ဤဝါကျအား နားမလည်၍သာ ဖြစ်ပေသည်။ ထိုစကား၏ အဓိပ္ပါယ်မှာ ကိုယ်တော်သည် အချို့သော ရေသာခိုသူ (ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ မကျိုးပမ်းလိုသူ) များက လမ်းစဉ်တော်အတွက် လုပ်ဆောင်ရမည်ကို ကြောက်၍ ပရိယာယ်သုံးလျှက် ကင်းလွတ်ခွင့် တောင်းသည်များကို ခွင့်ပြု လိုက်ခြင်းသည် အပြစ် မဟုတ်ကြောင်း၊ စိတ်စေတနာ မပါသူအား အတင်းတိုက်တွန်းခြင်းမှု မရှိသည့် အစ္စလာမ်သာသနာ၏ မူအရ ထိုသို့ ခွင့်ပြုခြင်းသည် ကိုယ်တော့ အတွက် အပြစ်မထိုက်ကြောင်းကို ကြေငြာခြင်းသာ ဖြစ်ပေသည်။ ထိုအထဲတွင် အမှန်တကယ် စေတနာ ထက်သန်သူများ ရှိနေနိုင်သည် ဆိုခြင်း ကိုသာ စီစစ်ရန်လို၍ အလျှင်အမြန် ဆုံးဖြတ်ခြင်း မပြုရန်ကိုသာ သွန်သင်ပေသည်။ ထိုအချက်ကို "မှန်ကန်သူများကို ထင်ရှားစွာ မသိမီ အဘယ် ကြောင့် သူတို့အား ကျန်နေခွင့် ပြုသနည်း၊" ဟု ထောက်ပြထားပေသည်။

**(၁၀၆)** ဤဘာသာပြန်တွင် ပြန်ဆိုသော နားစွင့်သူများ ဖြစ်ကြ၏ ဆိုသည့် စကားလုံး **ဆမ်မာအူးန** (မူရင်စကားလုံး ဆမီးအွန် "ကြားသည် နားထောင်သည်) ကို ဆရာတော်ကြီးများက သတင်းထောက်များ ဖြစ်ကြ၏ ဟု ဘာသာပြန်ဆို ကြပေသည်။ ထိုသို့ပြန်ဆိုခြင်းမှာ မှားယွင်းခြင်း မရှိ သော်လည်း၊ ဤသုတ်တော်ပါ ဆိုလိုချက်ဖြင့် ငုံမိခြင်း အားနည်းပေသည်။ သတင်းထောက်ဆိုသည်မှာ သတင်းတစ်ခုကို ယူ၍ အခြားသို့ ဝါဒ ဖြန့် ချီခြင်း ဖြစ်ပေသည်။ ဤသုတ်တော်ပါ ဆိုလိုချက်တွင် ထိုအကြောင်းအရာလည်း ပါဝင်၍၊ ထိုသူများအနေဖြင့် မိမိတို့၏ ကိုယ်ကျိုးအတွက် အမြဲ နားစွင့်နေခြင်းများလည်း ပါဝင်ပေသည်။ အချို့ကလည်း **သူလျှိုများ** ဟု ပြန်ဆိုကြပေသည်။

| | |
|---|---|
| ၅၀။ | إِن تُصِبْكَ حَسَنَةٌ تَسُؤْهُمْ وَإِن تُصِبْكَ مُصِيبَةٌ يَقُولُواْ قَدْ أَخَذْنَا أَمْرَنَا مِن قَبْلُ وَيَتَوَلَّواْ وَّهُمْ فَرِحُونَ۝<br>သင့်အား ကောင်းမွန်မှု သက်ခြင်းသည် သူတို့အတွက် အကုသိုလ် ဖြစ်ကြ၏၊ အခက်အခဲ ထိသက်သော် “ကျွန်ုပ်တို့သည် ကြိုတင်စီမံချက် ယူထား၏၊”ဟု ဆိုလျှက် ဝမ်းမြောက်ဝမ်းသာဖြင့် လှည့်ထွက်သွားကြ၏။[၁၀၈] |
| ၅၀။ | قُل لَّن يُصِيبَنَا إِلاَّ مَا كَتَبَ اللّهُ لَنَا هُوَ مَوْلاَنَا وَعَلَى اللّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ۝<br>“ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းချက်မှအပ ကျွန်ုပ်တို့အား ထိသက်ခြင်းမဟုတ်၊ အရှင်သည် ကျွန်ုပ်တို့အတွက် ကွပ်ကဲသူ ဖြစ်၏၊ သက်ဝင်ယုံကြည်သူအပေါင်းသည် ပရမတ်ဘုရားရှင်ကိုသာ ကိုးစားပုံအပ်ကုန်၏။[၁၀၉] |
| ၅၂။ | قُلْ هَلْ تَرَبَّصُونَ بِنَا إِلاَّ إِحْدَى الْحُسْنَيَيْنِ وَنَحْنُ نَتَرَبَّصُ بِكُمْ أَن يُصِيبَكُمُ اللّهُ بِعَذَابٍ مِّنْ عِندِهِ أَوْ بِأَيْدِينَا فَتَرَبَّصُواْ إِنَّا مَعَكُم مُّتَرَبِّصُونَ۝<br>ဟောကြားလော့ “အကောင်းဆုံးသော အရာနှစ်ခုအနက်[၁၁၀] တစ်ခုခုသည် ကျွန်ုပ်တို့အတွက် ဖြစ်၏ ဆိုသည်မှအပ အသင်တို့ စောင့်နိုင်ကြသလော၊ ကျွန်ုပ်တို့သည် သင်တို့အား ပရမတ်ဘုရားရှင်၏ ထံမှ သို့မဟုတ် ကျွန်ုပ်တို့၏ လက်များဖြင့် ဝဋ်ဒဏ် ထိစေရန် စောင့်နေကြ၏၊ ထို့ကြောင့် စောင့်နေကြလော့၊ ကျွန်ုပ်တို့လည်း သင်တို့နှင့် အတူ စောင့်နေကြ၏။” |
| ၅၃။<br>မလို<br>လားဘဲ | قُلْ أَنفِقُواْ طَوْعًا أَوْ كَرْهًا لَّن يُتَقَبَّلَ مِنكُمْ إِنَّكُمْ كُنتُمْ قَوْمًا فَاسِقِينَ۝<br>ဟောပြောလော့ “သင်တို့မှ ကြည်ဖြူစွာ သို့မဟုတ် **မကြည်ဖြူဘဲ** လှူဒါန်းထည့်ဝင်မှုများအတွက် အကိုးပြည့်စေမည် မဟုတ်၊ သင်တို့သည် ယုတ်မာသူများပင် ဖြစ်၏။” |
| ၅၄။ | وَمَا مَنَعَهُمْ أَن تُقْبَلَ مِنْهُمْ نَفَقَاتُهُمْ إِلاَّ أَنَّهُمْ كَفَرُواْ بِاللّهِ وَبِرَسُولِهِ وَلاَ يَأْتُونَ الصَّلاَةَ إِلاَّ وَهُمْ كُسَالَى وَلاَ |

---

**(၁၀၇)** ဤသုတ်တော်မှ “ငရဲဘုံသည် ဖုံးကွယ်ငြင်းပယ်သူများအား ဝိုင်းထားလေပြီ” ဆိုသော စကားသည်၊ လက်ရှိဘဝ၊ နောင်ဘဝ ငရဲနှင့် နိဗ္ဗာန် ဆိုသည်များကို နားလည်စေနိုင်သော သွန်သင်မှုတစ်ရပ် ဖြစ်ပေသည်။ ငရဲနှင့် နိဗ္ဗာန် ဟူသည် သေပြီးသည်၏ နောက်မှ ထိတွေ့ခံစားရနိုင်သော ဘုံများ မဟုတ်ချေ။ လက်ရှိမျက်မှောက် ဘဝတွင်ပင် ကြုံနေကြရပေသည်။

**(၁၀၈)** ဤသုတ်တော်များသည် သာသနာ့လမ်းစဉ်တော်၌ လူသားအပေါင်း၏ ငြိမ်းချမ်းရေးအတွက် စွန့်လွှတ် အနစ်နာခံ ထွက်ခွာကြရန် အားပေးထားသော သုတ်တော်များ ဖြစ်ပေသည်။ ထိုအခြေအနေတွင် မိမိ၏ ကိုယ်ကျိုးကိုသာ ကြည့်သူများ၊ သာယာဖင်းများ၏ သဘောထားများကို မချွင်း မချန် သွန်သင်ထားပေသည်။ ထိုသို့ ထွက်ခွာရာတွင် လောကဓမ္မ၏ သဘောတရားအရ အနိုင်ချည်း မရှိနိုင်ပေ၊ ရံဖန်ရံခါ အရှုံးနှင့်လည်းရင် ဆိုင်ရပေမည်။ ထိုအချိန်တွင် မထွက်ခွာဘဲ ရေသာခိုသူများက သူတို့၏ အရှောင်ခိုနေခဲ့မှုသည် အမှန်တရားသဖွယ် ဂုဏ်ယူလေ့ ရှိကာ အနစ်နာ ခံရခြင်း အတွက် ထိခိုက်ရသူတို့အား သတင်းမေးဖေါ်ပင် မရာဘဲ ကဲ့ရဲ့ရှုံ့ချတတ်သည့် သဘောထားကို လူ့အသိုင်းအဝိုင်းအတွက် အနစ်နာခံသော ခေါင်းဆောင်များ၊ တက်ကြွစွာ ဆောင်ရွက်သူများ သိနိုင်စေရန် သွန်သင်ထားခြင်း ဖြစ်ပေသည်။ လူ့သဘာဝ၏ ထိုသဘောထားများကို သိရှိမှသာလျှင် မိမိဦးဆောင်မည့် လူ့အသိုင်းဝိုင်းအား မည်သို့ ဦးဆောင်ရမည်ကို မှန်းဆနိုင်ပေသည်။

**(၁၀၉)** ဤသုတ်တော်ပါ ဆိုလိုချက်ကို ပြီးစလွယ် ကောက်နုတ်လျှက် အောင်နိုင်ခြင်း၊ ရှုံးနိမ့်ခြင်း မှန်သမျှသည် ဘုရားရှင်နှင့်သာ ဆိုင်သည်၊ အရှင်သည် ထိုအတွက် ကြိုတင်ပြဋ္ဌာန်းထားသည်ဟု အပေါ်ယံကိုသာ မတွေးတောသင့်ပေ။ နှစ်ဦးနှစ်ဘက်ယှဉ်ပြိုင်ရာ၌ ဖြစ်စေ၊ တစ်ဦးတစ်ယောက် တည်းကြိုးစားရာ၌ ဖြစ်စေ၊ အောင်မြင်ခြင်း မအောင်မြင်ခြင်း ဆိုသည်မှာ ကြိုးစားအားထုတ်သူ၏ ကြိုးစားအားထုတ်မှု စံချိန်၊ အရည်အသွေးသည် အရေးကြီးပေသည်။ ဘုရားရှင်၏ ပြဋ္ဌာန်းမှုတွင် ယေဘုယျအားဖြင့် မည်သည့်အရာအား မည်မျှသော စံချိန်အရည်အသွေးရှိမှ အောင်မြင်မည်ဟု သတ်မှတ်ပြဋ္ဌာန်းပြီးသား ဖြစ်ဟု ဆိုခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် ကိစ္စတစ်ရပ်ကို အောင်မြင်စေရန် လိုအပ်သော အရည်အသွေးများကို ကြိုးစားအားထုတ် ဖြည့်ဆီးခြင်းသည် ယုံကြည်သူများအတွက် တာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။

**(၁၁၀)** အကောင်းဆုံးသော အရာနှစ်ခု ဆိုသည်မှာ အောင်မြင်ခြင်း သို့မဟုတ် နာမည်ကောင်းဖြင့် ခန္ဓာပေးဆက်ခြင်းကို ဆိုလိုပေသည်။ အမှန်တရား အတွက် ကျဆုံးရခြင်းကို အစ္စာလမ် သာသနာဝင်များသည် သေဆုံးသည်ဟု မည်သည့်အခါမျှ မခံယူပေ။

| | |
|---|---|
| | يُنفِقُونَ إِلاَّ وَهُمْ كَارِهُونَ۞<br>ပရမတ်ဘုရားရှင်နှင့် အရှင့်ဉာဏ်စဉ်ဆောင်အား ကျေးစွပ်ဖုံးကွယ်ခြင်း ကြောင့်သာ သူတို့၏ လှူဒါန်း ထည့်ဝင်ခြင်းကို **အကိုးမပြည့်**စေရဟု တားမြစ်ခဲ့ခြင်း ဖြစ်၏၊ သူတို့သည် မေတ္တာဓိဌာန်ပြုခြင်းအား[၅၁၁] ငြီးငွေ့လျှက်သာ လာကြ၏၊ လှူဒါန်းထည့်ဝင်ခြင်း၌လည်း မကြည်ဖြူမှု မရှိချေ။ |
| ၅၅။ | فَلاَ تُعْجِبْكَ أَمْوَالُهُمْ وَلاَ أَوْلاَدُهُمْ إِنَّمَا يُرِيدُ اللّهُ لِيُعَذِّبَهُم بِهَا فِي الْحَيَاةِ الدُّنْيَا وَتَزْهَقَ أَنفُسُهُمْ وَهُمْ كَافِرُونَ۞<br>ထို့ကြောင့် သူတို့၏ ဥစ္စာပစ္စည်းများ၊ သားသမီးများက သင့်အား သဘောကျမှု မဖြစ်စေလင့်၊ ပရမတ်ဘုရားရှင်သည် ၎င်းတို့အားဖြင့် သူတို့အား ဤဘဝရှင်သန်မှု၌ ဝင့်ဒဏ်ခတ်ရန် ရည်ရွယ်၏၊ သူတို့အား ဖုံးကွယ်သူများ အဖြစ်နှင့်ပင် ဉာဉ်စရိုက်များကို ကံကုန်စေတော်မူမည်။ |
| ၅၆။ | وَيَحْلِفُونَ بِاللّهِ إِنَّهُمْ لَمِنكُمْ وَمَا هُم مِّنكُمْ وَلَكِنَّهُمْ قَوْمٌ يَفْرَقُونَ۞<br>သူတို့သည် "သင်တို့အနက်မှပင် ဖြစ်သည်၊"ဟု ပရမတ်ဘုရားရှင်အား တိုင်တည်ပြောဆိုကြ၏၊ သူတို့သည် သင်တို့အနက်မှ မဟုတ်ချေ၊ အမှန်မှာ သူတို့သည် သူရဲဘောကြောင်သော လူမျိုးသာ ဖြစ်ပေ၏။ |
| ၅၇။ | لَوْ يَجِدُونَ مَلْجَأً أَوْ مَغَارَاتٍ أَوْ مُدَّخَلاً لَّوَلَّوْاْ إِلَيْهِ وَهُمْ يَجْمَحُونَ۞<br>အကယ်၍ သူတို့သည် ခိုလှုံစရာ သို့မဟုတ် လှိုင်ဂူ သို့ဟုတ် ဝင်ပေါက်တစ်ခုကို တွေ့လေလျှင် ထိုဘက်သို့ဦးတည်လျှက် တစ်ဟုန်ထိုး ရှောင်ပြေးကြလတ္တံ့။ |
| ၅၈။ | وَمِنْهُم مَّن يَلْمِزُكَ فِي الصَّدَقَاتِ فَإِنْ أُعْطُواْ مِنْهَا رَضُواْ وَإِن لَّمْ يُعْطَوْاْ مِنهَا إِذَا هُمْ يَسْخَطُونَ۞<br>သူတို့အနက် အလှူပစ္စည်းနှင့် စပ်လျဉ်း၍ အသင့်အား အသရေဖျက်သူလည်း ရှိ၏၊ ၎င်းမှ သူတို့အား ပေးကမ်းလျှင် စိတ်ကျေနပ်ကြ၍၊ သူတို့အား မပေးလျှင် အကြီးအကျယ်ပေါက်ကွဲ ကြကုန်၏။ |
| ၅၉။ | وَلَوْ أَنَّهُمْ رَضُوْاْ مَا آتَاهُمُ اللّهُ وَرَسُولُهُ وَقَالُواْ حَسْبُنَا اللّهُ سَيُؤْتِينَا اللّهُ مِن فَضْلِهِ وَرَسُولُهُ إِنَّا إِلَى اللّهِ رَاغِبُونَ۞<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင် ပေးကမ်းသည်ကို ကြေနပ်ကြလျှက်၊ "ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့အတွက် လုံလောက်၏၊ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်သည် အရှင်၏ သိက္ခာပေးခြင်းမှ ကျွန်ုပ်တို့အား ချီးမြှင့်လတ္တံ့၊ ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်ထံသို့သာ ယိမ်းညွှတ်သူများ ဖြစ်ပါ၏"ဟု ဆိုကြပါလေစ။ |
| ၆၀။ | إِنَّمَا الصَّدَقَاتُ لِلْفُقَرَاء وَالْمَسَاكِينِ وَالْعَامِلِينَ عَلَيْهَا وَالْمُؤَلَّفَةِ قُلُوبُهُمْ وَفِي الرِّقَابِ وَالْغَارِمِينَ وَفِي سَبِيلِ اللّهِ وَابْنِ السَّبِيلِ فَرِيضَةً مِّنَ اللّهِ وَاللّهُ عَلِيمٌ حَكِيمٌ۞<br>အလှူဒါနများသည် သူဆင်းရဲများ၊ လိုအပ်သူများ၊ စေတနာ့ဝန်ထမ်းများ၊ စိတ်နှလုံးသိမ်မွေ့ရန် လေ့ကျင့်သူများနှင့် ကျွန်စနစ် ဖျက်သိမ်းရန်အတွက်လည်းကောင်း၊ ကြွေးတင်နေရသူများ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်နှင့် လမ်းစဉ်တော်၏ သားများ အတွက်လည်းကောင်း ဖြစ်ရမည်ဟု ပရမတ်ဘုရားရှင်၏ထံမှ တာဝန်ပေး၏။ ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၆၁။ | وَمِنْهُمُ الَّذِينَ يُؤْذُونَ النَّبِيَّ وَيِقُولُونَ هُوَ أُذُنٌ قُلْ أُذُنُ خَيْرٍ لَّكُمْ يُؤْمِنُ بِاللّهِ وَيُؤْمِنُ لِلْمُؤْمِنِينَ وَرَحْمَةٌ لِّلَّذِينَ آمَنُواْ مِنكُمْ وَالَّذِينَ يُؤْذُونَ رَسُولَ اللّهِ لَهُمْ عَذَابٌ أَلِيمٌ۞ |

(၅၁၁) ဤနေရာ၌ ပြောသော ဆွလတ် (မေတ္တာဓိဌာန်) ဆိုသည်မှာ သူတို့၏ အကျင့်ဟောင်းများအား ပစ်ပယ်ခြင်းကို ဆိုလိုပေသည်၊ (၁၁း၈၇)။

| | |
|---|---|
| | သူတို့အနက် သတင်းတော်ဆောင်အား နှောင့်ယှက်လျှက်၊ "သူသည် နားပါးသူသာ ဖြစ်၏"ဟု ဆိုသူများလည်း ရှိ၏၊ ဟောပြောလော့ "ပရမတ်ဘုရားရှင်အား ယုံကြည်သူ၊ သက်ဝင်ယုံကြည်သူများအား ယုံကြည်သူ သင်တို့အတွက် ကောင်းမြတ်ခြင်း၌ နားပါးသူ ဖြစ်၏၊ သင်တို့အနက်မှ ယုံကြည်သူများအတွက် ကရုဏာတရားလည်း ဖြစ်၏၊ ဉာဏ်စဉ်ဆောင်အား နှောင့်ယှက်သူများအတွင် ပရမတ်ဘုရား၏ စူးနစ်သော ဝဋ်ကြွေးဒဏ်သည် ရှိနေ၏။ |
| ၆၂။ | **يَحْلِفُونَ بِاللّهِ لَكُمْ لِيُرْضُوكُمْ وَاللّهُ وَرَسُولُهُ أَحَقُّ أَن يُرْضُوهُ إِن كَانُواْ مُؤْمِنِينَ۞**<br>သူတို့သည် သင်တို့ ကြေနပ်စေရန် ပရမတ်ဘုရားရှင်အား တိုင်တည်ပြောဆိုကြ၏၊ သူတို့သည် ယုံကြည်သူ စင်စစ်များ ဖြစ်ကြလျှက် အရှင့်အား ကြေနပ်စေလျှင် ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်အား အမှန်ဆုံး ချည်းကပ်သင့်၏။ |
| ၆၃။ | **أَلَمْ يَعْلَمُواْ أَنَّهُ مَن يُحَادِدِ اللّهَ وَرَسُولَهُ فَأَنَّ لَهُ نَارَ جَهَنَّمَ خَالِدًا فِيهَا ذَلِكَ الْخِزْيُ الْعَظِيمُ۞**<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ဖီလာဆန့်ကျင်သော မည်သူမဆို သူ့အတွက် ဝင်ရောက် စံစားရန် ငရဲဘုံသည် ရှိနေကြောင်း၊ ယင်းသည် ကြီးစွာသော အရှက်ကွဲရမှု ဖြစ်ကြောင်း သူတို့ မသိကြသလော။ |
| ၆၄။ | **يَحْذَرُ الْمُنَافِقُونَ أَن تُنَزَّلَ عَلَيْهِمْ سُورَةٌ تُنَبِّئُهُمْ بِمَا فِي قُلُوبِهِم قُلِ اسْتَهْزِؤُواْ إِنَّ اللّهَ مُخْرِجٌ مَّا تَحْذَرُونَ۞**<br>သူတို့၏ စိတ်နှလုံးတွင်း၌ ရှိသည်ကို ထုတ်ဖော်ပြသော ဓမ္မခန္ဓာတစ်ခု သူတို့အတွက် ချမှတ်ပေးမည်ကို သီလကြောင်တို့သည် ကြောက်ရွံ့ကြ၏၊ ဟောကြားလော့ "သင်တို့ နောက်ပြောင်နေလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်တို့ ကြောက်ရွံ့နေသည့်အရာကို ထုတ်ဖော်တော်မူမည်ပင်၊" |
| ၆၅။ | **وَلَئِن سَأَلْتَهُمْ لَيَقُولُنَّ إِنَّمَا كُنَّا نَخُوضُ وَنَلْعَبُ قُلْ أَبِاللّهِ وَآيَاتِهِ وَرَسُولِهِ كُنتُمْ تَسْتَهْزِؤُونَ۞**<br>သူတို့အား မေးမြန်းလျှင် "ကျွန်ုပ်တို့သည် အပျင်းပြေ ကျီစယ်ခြင်းသာ ဖြစ်၏၊"ဟု ဆိုကြလတ္တံ့၊ "ပရမတ်ဘုရားရှင်၊ အရှင်၏ သုတ္တန်များနှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား အသင်တို့ လှောင်ပြောင်ကြသည် မဟုတ်လော၊"ဟု မေးမြန်းလော့။ |
| ၆၆။ | **لاَ تَعْتَذِرُواْ قَدْ كَفَرْتُم بَعْدَ إِيمَانِكُمْ إِن نَّعْفُ عَن طَآئِفَةٍ مِّنكُمْ نُعَذِّبْ طَآئِفَةً بِأَنَّهُمْ كَانُواْ مُجْرِمِينَ۞**<br>ဆင်ခြေမပေးကြလင့်၊ သင်တို့သည် ယုံကြည်ပါသည်ဟု ဆိုပြီးမှ ဖုံးကွယ်ကြ၏၊ ငါသည် သင်တို့မှ တစ်စုကို ခွင့်လွှတ်တော်မူမည်၊ တစ်စုအား သူတို့၌ ရှိခဲ့သော ပြစ်မှုများကြောင့် ဝဋ်သင့်စေတော်မူမည်။ |
| ၆၇။ | **الْمُنَافِقُونَ وَالْمُنَافِقَاتُ بَعْضُهُم مِّن بَعْضٍ يَأْمُرُونَ بِالْمُنكَرِ وَيَنْهَوْنَ عَنِ الْمَعْرُوفِ وَيَقْبِضُونَ أَيْدِيَهُمْ نَسُواْ اللّهَ فَنَسِيَهُمْ إِنَّ الْمُنَافِقِينَ هُمُ الْفَاسِقُونَ۞**<br>သီလကြောင်များ သီလကြောင်မိန်းမများသည် အချင်းချင်းပင်ဖြစ်၏၊ သူတို့သည် မကြားဝံ့မနာသာမှုကို ဆင့်ဆို၍၊ တရားမျှတမှုကို ဟန့်တား၏၊ သူတို့၏ လက်များကို ဆုပ်ထားကြ၏၊ သူတို့သည် ပရမတ်ဘုရားရှင်အား မေ့ပစ်ထားသောကြောင့် သူတို့အား အရှင်က မေ့ထားပစ်၏၊ ကေန်ပင် သီလကြောင်များသည် ယုတ်မာသူများ ဖြစ်၏။ |
| ၆၈။ | **وَعَدَ الله الْمُنَافِقِينَ وَالْمُنَافِقَاتِ وَالْكُفَّارَ نَارَ جَهَنَّمَ خَالِدِينَ فِيهَا هِيَ حَسْبُهُمْ وَلَعَنَهُمُ اللّهُ وَلَهُمْ عَذَابٌ مُّقِيمٌ۞**<br>ပရမတ်ဘုရားရှင်သည် သီလကြောင်များ၊ သီလကြောင်မိန်းမများနှင့် ဖုံးကွယ်သူများအား ငရဲ၏မီး၌ ဝင်ရောက် ခံစားရန် ကတိထားတော်မူ၏၊ ယင်းသည် သူတို့အတွက် လုံလောက်၏၊ ပရမတ်ဘုရားရှင်၏ထံမှ မေတ္တာဝေးကွာခြင်းလည်း ဖြစ်၏၊ သူတို့အတွက် မြဲမြံသော ဝဋ်ကြွေးပင်တည်း။ |

| | |
|---|---|
| ၆၉။ | كَالَّذِينَ مِن قَبْلِكُمْ كَانُواْ أَشَدَّ مِنكُمْ قُوَّةً وَأَكْثَرَ أَمْوَالاً وَأَوْلاَدًا فَاسْتَمْتَعُواْ بِخَلاقِهِمْ فَاسْتَمْتَعْتُم بِخَلاَقِكُمْ كَمَا اسْتَمْتَعَ الَّذِينَ مِن قَبْلِكُمْ بِخَلاَقِهِمْ وَخُضْتُمْ كَالَّذِي خَاضُواْ أُوْلَئِكَ حَبِطَتْ أَعْمَالُهُمْ فِي الُّدنْيَا وَالآخِرَةِ وَأُوْلَئِكَ هُمُ الْخَاسِرُونَ۞<br>သင်တို့ မတိုင်မီ သင်တို့ထက် အားကောင်းသန်မာ၍၊ ဉစ္စာပစ္စည်း သားသမီး အချွေအရံပေါများကာ ရပိုင်ခွင့်အား ဖြင့် စည်းစိမ် ခံစားသူများ ကဲ့သို့၊ သင်တို့သည်လည်း စည်းစိမ်ခံနေကြ၏၊ သူတို့သည် လေလွင့်ခြင်း၌ နစ်မွန်းသကဲ့ သို့ သင်တို့သည်လည်း လေလွင့်ခြင်း၌ နစ်မွန်းနေကြ၏၊ ဤဘဝ နောင်ဘဝ၌ အချိုးနှိုးသော အကျင့်အကြံများတွင် ရှိသောသူ၊ ထိုသူတို့သည်ကား ဆုံးရှုံးနစ်နာသူများ ဖြစ်ကြ၏။ |
| ၇၀။<br><br>❖၃း၃၄<br>၇း၆၅။၇၃ | أَلَمْ يَأْتِهِمْ نَبَأُ الَّذِينَ مِن قَبْلِهِمْ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ وَقَوْمِ إِبْرَاهِيمَ وِأَصْحَابِ مَدْيَنَ وَالْمُؤْتَفِكَاتِ أَتَتْهُمْ رُسُلُهُم بِالْبَيِّنَاتِ فَمَا كَانَ اللّهُ لِيَظْلِمَهُمْ وَلَكِن كَانُواْ أَنفُسَهُمْ يَظْلِمُونَ۞<br>သူတို့မတိုင်မီက အကြောင်းအရာများ ဖြစ်သည့် နူးဟ်၊ အာ့ဒ်၊ သမုးဒ်၏❖ လူမျိုးများ၊ အီဗရာဟီးမ်၏ လူမျိုးများ၊ မီဒီယံ အရပ်သားများထံ[၅၁၂] ရှင်းလင်းထင်ရှားစွာ ဉာဏ်စဉ်ဆောင်များ ရောက်စေခဲ့ပြီး ပျက်သုန်းသွားသည့် မြို့ရွာ များ အကြောင်းသည် သူတို့ထံသို့ မရောက်ခဲ့သလော။ သို့– ပရမတ်ဘုရားရှင်သည် သူတို့အား အမိုက်စီးစေခဲ့ သည်မဟုတ်၊ သူတို့၏ စရိုက်ကိုသာ သူတို့အမိုက်စီးစေခြင်း ဖြစ်၏။ |
| ၇၁။ | وَالْمُؤْمِنُونَ وَالْمُؤْمِنَاتُ بَعْضُهُمْ أَوْلِيَاء بَعْضٍ يَأْمُرُونَ بِالْمَعْرُوفِ وَيَنْهَوْنَ عَنِ الْمُنكَرِ وَيُقِيمُونَ الصَّلاَةَ وَيُؤْتُونَ الزَّكَاةَ وَيُطِيعُونَ اللّهَ وَرَسُولَهُ أُوْلَئِكَ سَيَرْحَمُهُمُ اللّهُ إِنَّ اللّهَ عَزِيزٌ حَكِيمٌ۞<br>ယုံကြည်သူ၊ ယုံကြည်သူမများသည် အချင်းချင်း အုပ်ထိန်းသူများ ဖြစ်ကြ၏။ မျှတမှုကို ဆင့်ဆိုကြ၏၊ မလျော်ကန်မှုကို ဟန့်တားကြ၏၊ မေတ္တာခိဒ္ဓါန် မြဲကြ၏၊ လူမှုဖူလုံကြေး ပေးကြ၏။ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင် အား နာခံကြ၏၊ သူတို့အား ပရမတ်ဘုရားရှင်၏ မဟာကရုဏာတော် ကိန်းသက်လတ္တံ့၊ ကေန်ပင် ပရမတ်ဘုရားရှင် သည် ဘုန်းတော်အရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၇၂။ | وَعَدَ اللّهُ الْمُؤْمِنِينَ وَالْمُؤْمِنَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا وَمَسَاكِنَ طَيِّبَةً فِي جَنَّاتِ عَدْنٍ وَرِضْوَانٌ مِّنَ اللّهِ أَكْبَرُ ذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۞<br>ယုံကြည်သူ၊ ယုံကြည်သူမများအား စိမ့်စမ်းရေသွင် စီးဆင်းနေသော သုခဘုံ ထို၌ ကာလမဲ့စံစားရမည်၊ ထို တည်မြဲ ခြင်း သုခဘုံ၌ သန့်စင်စွာ အချေချရမည်ဟု ပရမတ်ဘုရားရှင်က ကတိထားတော်မူ၏။ ယင်းသည် ပရမတ်ဘုရားရှင် ထံမှ အကြီးမားဆုံး မြှောက်စားမှု ဖြစ်၏။ ယင်းသည် ထွဋ်မြတ်သော ဆွတ်ခူးမှုပင် ဖြစ်၏။ |
| ၇၃။ | يَا أَيُّهَا النَّبِيُّ جَاهِدِ الْكُفَّارَ وَالْمُنَافِقِينَ وَاغْلُظْ عَلَيْهِمْ وَمَأْوَاهُمْ جَهَنَّمُ وَبِئْسَ الْمَصِيرُ۞<br>အေ သတင်းတော်ဆောင်၊ ဖုံးကွယ်သူများနှင့် သီလကြောင်များကို ဆန့်ကျင်လျှက် ရုန်းကန်လှုပ်ရှားလော့၊ သူတို့ အပေါ်၌ တိကျပြတ်သားလော့၊ သူတို့၏ နေရာထိုင်ခင်းသည် ငရဲဘုံနှင့် နိမ့်ကျသော ပန်းတိုင်ပင် ဖြစ်၏။[၅၁၃] |

---

**(၅၁၂)** မီဒီယံဆိုသည်မှာ ကိုယ်တော် အီဗရာဟီးမ်၏ သားအမည် ဖြစ်ပြီး (ကမ္ဘာဦးကျမ်း ၂၅း၂) သူ၏ မျိုးစဉ်မျိုးဆက်များ အချေချခဲ့ရာ နေရာ ဆိုင်းနိုင်းတောင်၏ အရှေ့တောင်ဘက် ပင်လယ်နီရပ်ဝန်း၌ တည်ရှိရာ ဒေသတစ်ခု၏ အမည်ဖြစ်သည်။ ထိုဒေသသားများအတွက် ပွင့်ပေါ်လာသော ဉာဏ်စဉ်ဆောင်များတွင် ကိုယ်တော် ရှုအိုက်ဘ်မှာ ထင်ရှားပေသည်။(၇း၈၅)

**(၅၁၃)** ဤသုတ်တော်တွင် ရန်သူ (ဖုံးကွယ်သူ) များနှင့် သီလကြောင် (ရန်သူ့လူ)များ ကို ဂျီဟာဒ်လုပ်ကြလော့ ဟု ဆိုထားပေသည်။ ဂျီဟာဒ် ၏ အဓိပ္ပါယ်ကို ၂း၂၁၈၊ ၅း၃၅ ၏ အောက်ခြေတွင် ရှင်းပြပြီးဖြစ်သည်။ သို့သော် ထိုစကားလုံး၏ အဓိပ္ပါယ်ကို မကြာခဏ နားလည်မှု လွဲမှားသည်ကို တွေ့ရပေသည်။ ကျမ်းတော်တွင် လက်နက် အားကိုးဖြင့် ဂျီဟာဒ်လုပ်ကြဟု မည်သည့်နေရာတွင်မှာ ဖေါ်ပြခြင်း မရှိပေ၊ သို့သော် အမှန်တရားတည်း ဟူသော တရားဒေသနာ ကျမ်းတော်အားဖြင့် ဂျီဟာဒ်လုပ်ကြဟုသာ ထင်ထင်ရှားရှား သွန်သင်ထားသည်ကို တွေ့ရပေသည်။ (၂၅း၅၂)

| | |
|---|---|
| ၇၄။ | يَحْلِفُونَ بِاللّهِ مَا قَالُواْ وَلَقَدْ قَالُواْ كَلِمَةَ الْكُفْرِ وَكَفَرُواْ بَعْدَ إِسْلاَمِهِمْ وَهَمُّواْ بِمَا لَمْ يَنَالُواْ وَمَا نَقَمُواْ إِلاَّ أَنْ أَغْنَاهُمُ اللّهُ وَرَسُولُهُ مِن فَضْلِهِ فَإِن يَتُوبُواْ يَكُ خَيْرًا لَّهُمْ وَإِن يَتَوَلَّوْا يُعَذِّبْهُمُ اللّهُ عَذَابًا أَلِيمًا فِي الدُّنْيَا وَالآخِرَةِ وَمَا لَهُمْ فِي الأَرْضِ مِن وَلِيٍّ وَلاَ نَصِيرٍ ۞<br>သူတို့သည် "မပြောဆိုရပါ"ဟု ပရမတ်ဘုရားရှင်အား တိုင်တည်ကျိန်ဆိုကြ၏၊ အမှန်ပင် သူတို့သည် အစ္စလာမ် အဖြစ်ခံယူပြီးမှ ဖုံးကွယ်မှုနှင့် ဖုံးကွယ်သော စကားများကို ပြောဆိုကြ၏။ သူတို့ မစွမ်းနိုင်သည်ကို စိတ်ကူးယဉ်ကြ၏၊ ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်ဆောင်၏ သိက္ခာပေးခြင်းကြောင့် ကုံလုံပြည့်စုံခြင်းမှအပ အခြားသော လွဲမှားမှုကို မတွေ့နိုင်ချေ၊ သို့ဖြစ်၍ သူတို့သည် ခဝါချကြလျှင် သူတို့အတွက် ကောင်းမြတ်၏၊ အကယ်၍ သူတို့ လှည့်သွားခဲ့လျှင် ပရမတ်ဘုရားရှင်က သူတို့အတွက် စီမံထားသည့် ဝဋ်ကြွေးမှာ ဤဘဝ နောင်ဘဝ၌ စူးနစ်သော ဝဋ်ကြွေးပင်ဖြစ်၏၊ မြေကမ္ဘာ၌ သူတို့အတွက် ထိန်းသိမ်းမည့်သူ၊ ကူညီမည့်သူ ဟူ၍ မရှိပြီ။ |
| ၇၅။ | وَمِنْهُم مَّنْ عَاهَدَ اللّهَ لَئِنْ آتَانَا مِن فَضْلِهِ لَنَصَّدَّقَنَّ وَلَنَكُونَنَّ مِنَ الصَّالِحِينَ ۞<br>သူတို့အနက် အရှင်၏ သိက္ခာပေးခြင်းမှ ကျွန်ုပ်တို့အား ချီးမြှင့်လျှင် ကျွန်ုပ်တို့သည် ဧကန်ပင် အလှူဒါန ပြုကြလျက် ပြုပြင်သူများမှ ဖြစ်ကြပေမည်ဟု ပရမတ်ဘုရားရှင်အား ကတိပြုသူတို့ ရှိ၏။ |
| ၇၆။ | فَلَمَّا آتَاهُم مِّن فَضْلِهِ بَخِلُواْ بِهِ وَتَوَلَّواْ وَّهُم مُّعْرِضُونَ ۞<br>သို့သော် အရှင်၏ သိက္ခာပေးခြင်းမှ သူတို့အား ချီးမြှင့်သောအခါ၊ ကပ်စီးနဲကြကုန်၏၊ လှည့်ပြန်လျက် သူတို့သည် ဘက်ပြောင်းကြကုန်၏။ |
| ၇၇။ | فَأَعْقَبَهُمْ نِفَاقًا فِي قُلُوبِهِمْ إِلَى يَوْمِ يَلْقَوْنَهُ بِمَا أَخْلَفُواْ اللّهَ مَا وَعَدُوهُ وَبِمَا كَانُواْ يَكْذِبُونَ ۞<br>ပရမတ်ဘုရားရှင်၌ ထားသော ကတိအား ဖြည့်ဆီးရန် ပျက်ကွက်ခြင်း၊ လိမ်လည် မှုသားပြုခြင်းများကြောင့် အရှင့်အား ဆုံတွေ့ရသည့်နေ့ထိတိုင် နှလုံးသား၌ စိတ်နှစ်ခွဖြစ်ရခြင်း အကျိုးဆက်သာ သူတို့အတွက်ဖြစ်၏၊ |
| ၇၈။ | أَلَمْ يَعْلَمُواْ أَنَّ اللّهَ يَعْلَمُ سِرَّهُمْ وَنَجْوَاهُمْ وَأَنَّ اللّهَ عَلاَّمُ الْغُيُوبِ ۞<br>သူတို့၏ ကြိတ်၍ ကြံစည်မှုနှင့် လျှို့ဝှက်တိုင်ပင်မှုများကို ပရမတ်ဘုရားရှင်သည် ကုန်စင်သိနေတော်မူကြောင်း သူတို့ မသိကြကုန်သလော၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် စက္ခုလွန်များကို သိနေတော်မူပေ၏။ |
| ၇၉။ | الَّذِينَ يَلْمِزُونَ الْمُطَّوِّعِينَ مِنَ الْمُؤْمِنِينَ فِي الصَّدَقَاتِ وَالَّذِينَ لاَ يَجِدُونَ إِلاَّ جُهْدَهُمْ فَيَسْخَرُونَ مِنْهُمْ سَخِرَ اللّهُ مِنْهُمْ وَلَهُمْ عَذَابٌ أَلِيمٌ ۞<br>အလှူဒါနအား စိတ်စေတနာထက်သန်စွာ ပေးကမ်းသော ယုံကြည်သူများနှင့် မတတ်နိုင်၍ မိမိ၏ အင်အားကို ပေးဆက်သော သူတို့အား ကဲ့ရဲ့လှောင်ပြောင်သူများ၊ ထိုသူတို့အား ပရမတ်ဘုရားရှင်က ကဲ့ရဲ့လှောင်ပြောင်မှုကို ပြန်သင့် စေတော်မူ၏၊ သူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၈၀။<br><br>☆ ၂း၂၉ | اسْتَغْفِرْ لَهُمْ أَوْ لاَ تَسْتَغْفِرْ لَهُمْ إِن تَسْتَغْفِرْ لَهُمْ سَبْعِينَ مَرَّةً فَلَن يَغْفِرَ اللّهُ لَهُمْ ذَلِكَ بِأَنَّهُمْ كَفَرُواْ بِاللّهِ وَرَسُولِهِ وَاللّهُ لاَ يَهْدِي الْقَوْمَ الْفَاسِقِينَ ۞<br>သူတို့အတွက် လွတ်ငြိမ်းခွင့်တောင်းသည် ဖြစ်စေ၊ မတောင်းသည် ဖြစ်စေ၊ အကြိမ်ပေါင်း ခုနစ်ဆယ်☆ လွတ်ငြိမ်းခွင့်တောင်းသော်လည်း ပရမတ်ဘုရားရှင်သည် သူတို့အား ကျွတ်လွတ်စေမည် မဟုတ်ချေ။ ယင်းမှာ– ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား သူတို့၏ ငြင်းပယ်မှုကြောင့် ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအား လမ်းညွှန်တော် မမူချေ။ |

| | |
|---|---|
| ၈၁။ | **فَرِحَ الْمُخَلَّفُونَ بِمَقْعَدِهِمْ خِلاَفَ رَسُولِ اللّهِ وَكَرِهُواْ أَن يُجَاهِدُواْ بِأَمْوَالِهِمْ وَأَنفُسِهِمْ فِي سَبِيلِ اللّهِ وَقَالُواْ لاَ تَنفِرُواْ فِي الْحَرِّ قُلْ نَارُ جَهَنَّمَ أَشَدُّ حَرًّا لَّوْ كَانُوا يَفْقَهُونَ** ۞<br>နောက်၌ ကျန်ခဲ့သော သူများသည်၊ ပရမတ်ဘုရားရှင်၏ ဥဒ္ဒေဿစဉ်ဆောင် နောက်ကွယ်၌ ထိုင်နေရခြင်းကို ဝမ်းမြောက်၏၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ဥစ္စာစီးပွား ဉာဉ်စရိုက်များ စွန့်၍ ရုန်းကန်ရမည်ကို ရွံမုန်း၏၊ "အပူထဲ၌ ထွက်မသွားကြလင့်" ဟု ဆိုကြ၏၊ "ငရဲမီးသည် ပိုမို၍ ပူပြင်းလှ၏၊"ဟု ဟောလော့။ နားလည်ကြပါလေစ။ |
| ၈၂။ | **فَلْيَضْحَكُواْ قَلِيلاً وَلْيَبْكُواْ كَثِيرًا جَزَاء بِمَا كَانُواْ يَكْسِبُونَ** ۞<br>မဖြစ်စလောက် ရယ်မောကြစေလော့၊ သူတို့၏ ဆည်းပူးမှုများကြောင့် များစွာသော ငိုခြင်း ဆုလဒ်သည် ရှိနေ၏။ |
| ၈၃။ | **فَإِن رَّجَعَكَ اللّهُ إِلَى طَآئِفَةٍ مِّنْهُمْ فَاسْتَأْذَنُوكَ لِلْخُرُوجِ فَقُل لَّن تَخْرُجُواْ مَعِيَ أَبَدًا وَلَن تُقَاتِلُواْ مَعِيَ عَدُوًّا إِنَّكُمْ رَضِيتُم بِالْقُعُودِ أَوَّلَ مَرَّةٍ فَاقْعُدُواْ مَعَ الْخَالِفِينَ** ۞<br>သို့ဖြင့် ပရမတ်ဘုရားရှင်သည် သင့်အား သူတို့အနက် အဖွဲ့တစ်ခုဆီသို့ ပြန်ရောက်စေ၍၊ သူတို့က သင့်ထံ၌ ချီတက်ခွင့်တောင်းသော် "သင်တို့သည် ကျွန်ုပ်နှင့်အတူ ချီတက်ရန် အကြောင်းမရှိ၊ ရန်သူများအား တော်လှန်ရန်လည်း အကြောင်းမရှိ ကေန်ပင် သင်တို့သည် ပထမ အကြိမ်၌ ထိုင်နေခြင်းကို ရွေးခဲ့ပြီ။ သို့ဖြစ်၍ ယခုလည်း နောက်ချန်နေခဲ့သူများနှင့်အတူ ထိုင်၍ပင် နေခဲ့လော့၊"ဟု ဟောကြားလော့။ |
| ၈၄။<br>မရုပ်တည် | **وَلاَ تُصَلِّ عَلَى أَحَدٍ مِّنْهُم مَّاتَ أَبَدًا وَلاَ تَقُمْ عَلَىَ قَبْرِهِ إِنَّهُمْ كَفَرُواْ بِاللّهِ وَرَسُولِهِ وَمَاتُواْ وَهُمْ فَاسِقُونَ** ۞<br>သူတို့အနက်မှ သေသူတစ်ဦးတစ်ယောက်အတွက် မည်သို့မှ မေတ္တာမပွားလင့်၊ ဈာပနန၌ **မတက်ရောက်**နှင့်၊ ကေန်ပင် သူတို့သည် ပရမတ်ဘုရားရှင်နှင့် အရှင့် ဥဒ္ဒေဿစဉ်ဆောင်အား ငြင်းပယ်ကြ၍ ယုတ်မာသူများ အဖြစ်ဖြင့် သေဆုံးခြင်း ဖြစ်၏။၅၁၄ |
| ၈၅။ | **وَلاَ تُعْجِبْكَ أَمْوَالُهُمْ وَأَوْلاَدُهُمْ إِنَّمَا يُرِيدُ اللّهُ أَن يُعَذِّبَهُم بِهَا فِي الدُّنْيَا وَتَزْهَقَ أَنفُسُهُمْ وَهُمْ كَافِرُونَ**<br>သူတို့၏ ဥစ္စာပစ္စည်း သားသမီးအခြွေအရံများက သင့်အား စိတ်မလှုပ်ရှားစေလင့်၊ ပရမတ်ဘုရားရှင်သည် ထိုအရာများဖြင့် သူတို့အား ဤလောက၌ ဝဋ်ကြွေး သင့်စေလို၏၊ သူတို့သည် ဖုံးကွယ်သူ ဖြစ်နေစဉ် သူတို့၏ စရိုက်အား ခွဲခွာစေလို၏။ |
| ၈၆။ | **وَإِذَآ أُنزِلَتْ سُورَةٌ أَنْ آمِنُواْ بِاللّهِ وَجَاهِدُواْ مَعَ رَسُولِهِ اسْتَأْذَنَكَ أُوْلُواْ الطَّوْلِ مِنْهُمْ وَقَالُواْ ذَرْنَا نَكُن مَّعَ الْقَاعِدِينَ** ۞<br>ပရမတ်ဘုရားရှင်အား ယုံကြည်ကြလော့၊ အရှင်၏ ဥဒ္ဒေဿစဉ်ဆောင်နှင့်အတူ ရုန်းကန်လှုပ်ရှားကြလော့ ဟူသော ဓမ္မခန္ဓာတစ်ခုအား ချမှတ်ပေးသောအခါ၊ သူတို့အနက်မှ ပြည့်စုံကြွယ်ဝသူတို့က "ကျွန်ုပ်တို့အား ထိုင်၍နေခဲ့သူများနှင့်အတူ နေခွင့်ပြုပါ၊"ဟု သင့်ထံ၌ ခွင့်တောင်းကြကုန်၏။ |
| ၈၇။ | **رَضُواْ بِأَن يَكُونُواْ مَعَ الْخَوَالِفِ وَطُبِعَ عَلَى قُلُوبِهِمْ فَهُمْ لاَ يَفْقَهُونَ** ۞<br>သူတို့သည် ချောင်ခိုကျန်ခဲ့သူများနှင့် အတူနေခဲ့ရခြင်းကို သဘောကျနေ၏၊ သူတို့၏ နှလုံးသားပေါ်၌ တံဆိပ်ရိုက်နှိပ်ထားသောကြောင့် သူတို့၌ နားလည်နိုင်စွမ်း မရှိကြချေ။ |
| ၈၈။ | **لَكِنِ الرَّسُولُ وَالَّذِينَ آمَنُواْ مَعَهُ جَاهَدُواْ بِأَمْوَالِهِمْ وَأَنفُسِهِمْ وَأُوْلَئِكَ لَهُمُ الْخَيْرَاتُ وَأُوْلَئِكَ هُمُ** |

(၅၁၄) ဤသုတ်တော်သည် အတွင်းသစ္စာဖေါက်များကို အရေးယူသော မူဝါဒ ဥပဒေသော ဖြစ်၍ အစ္စလာမ် သာသနာဝင် မဟုတ်သူ အားလုံး အပေါ်၌ သက်ရောက်ခြင်း မရှိချေ။

| | |
|---|---|
| | **الْمُفْلِحُونَ۝**<br>ဉာဏ်စဉ်တော်ဆောင်၊ သူနှင့်အတူရှိသော ယုံကြည်သူများသည်ကား သူတို့၏ ဉာဉ်စရိုက် အိုးအိမ်စည်းစိမ်များဖြင့် ရုန်းကန်လှုပ်ရှားကြကုန်၏၊ သူတို့သည်သာ ကောင်းမြတ်သူများဖြစ်လေ၏၊ သူတို့သည်သာ ပေါက်မြောက်သူများ ဖြစ်ကုန်၏။ |
| ၈၉။ | **أَعَدَّ اللّهُ لَهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا ذَلِكَ الْفَوْزُ الْعَظِيمُ۝**<br>ပရမတ်ဘုရားရှင်သည် သူတို့အတွက် အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံနှင့် ထို၌ စံစားရမည့်ကို ကတိထားတော်မူ၏။ ဤသည် အထွဋ်အခေါင် အောင်မြင်မှုပင် ဖြစ်ပေသတည်း။ |
| ၉၀။ | **وَجَاء الْمُعَذِّرُونَ مِنَ الأَعْرَابِ لِيُؤْذَنَ لَهُمْ وَقَعَدَ الَّذِينَ كَذَبُواْ اللّهَ وَرَسُولَهُ سَيُصِيبُ الَّذِينَ كَفَرُواْ مِنْهُمْ عَذَابٌ أَلِيمٌ۝**<br>ကန္တာရ တိုင်းရင်းသားများအနက်[၁၁၅] ဝန်ရှောင်သူများက[၁၁၆] ဝန်ရှောင်ခွင့်ပေးရန် ရောက်လာကြ၍ ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်တော်ဆောင်အား လိမ်လည်သူများက ထိုင်နေရစ်ခဲ့ကြ၏။ သူတို့မှ ဖုံးကွယ်သူတို့ အတွက် စူးနစ်သော ဝဋ်ကြွေးအား သင့်စေလတ္တံ့။ |
| ၉၁။ | **لَّيْسَ عَلَى الضُّعَفَاء وَلاَ عَلَى الْمَرْضَى وَلاَ عَلَى الَّذِينَ لاَ يَجِدُونَ مَا يُنفِقُونَ حَرَجٌ إِذَا نَصَحُواْ لِلّهِ وَرَسُولِهِ مَا عَلَى الْمُحْسِنِينَ مِن سَبِيلٍ وَاللّهُ غَفُورٌ رَّحِيمٌ۝**<br>မသန်စွမ်းသူများ၊ နာမကျန်းသူများ၊ သုံးစွဲရန် ရှာမရနိုင်သူများသည် ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်ဆောင်အား သဒ္ဓါကြည်ညိုနေသ၍ အပြစ်မသင့်ချေ။ ကောင်းမှုပြုသူတို့အား အပြစ်တင်လမ်း မရှိပြီ။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူပေ၏။ |
| ၉၂။<br><br>☆သင်တို့ အတွက် စီးစရာ | **وَلاَ عَلَى الَّذِينَ إِذَا مَا أَتَوْكَ لِتَحْمِلَهُمْ قُلْتَ لاَ أَجِدُ مَا أَحْمِلُكُمْ عَلَيْهِ تَوَلَّواْ وَّأَعْيُنُهُمْ تَفِيضُ مِنَ الدَّمْعِ حَزَنًا أَلاَّ يَجِدُواْ مَا يُنفِقُونَ۝**<br>သူတို့အား ဆောင်ကြည်းသွားရန်၊ သင့်ထံသို့ရောက်စဉ် သင်က “**သင်တို့အား သယ်ဆောင်သွားစရာ**☆ ကျွန်ုပ် ရှာမတွေ့ပါ၊”ဟု ဆိုသောကြောင့်၊ သူတို့၌ အသုံးအဆောင် ရှာမရနိုင်သည်ကို ဝမ်းနည်းလျှက် မျက်ရည်စက်လက်ဖြင့် ပြန်သွားရသူများသည်လည်း (အပြစ် မရှိချေ)။ |
| ၉၃။ | **إِنَّمَا السَّبِيلُ عَلَى الَّذِينَ يَسْتَأْذِنُونَكَ وَهُمْ أَغْنِيَاء رَضُواْ بِأَن يَكُونُواْ مَعَ الْخَوَالِفِ وَطَبَعَ اللّهُ عَلَى قُلُوبِهِمْ فَهُمْ لاَ يَعْلَمُونَ۝**<br>ပြည့်စုံပါလျှက် သင့်ထံ၌ လာရောက် ခွင့်ပန်သူများကိုသာ အပြစ်တင်လမ်း ရှိ၏။ သူတို့သည် ချောင်ခိုသူများနှင့် အတူ နေခဲ့ခြင်းကို နှစ်သက်ကြ၏၊ ပရမတ်ဘုရားရှင်သည် သူတို့၏ နှလုံးသားကို တံဆိပ်နှိပ်ထားတော်မူပြီ။ သူတို့သည် သိနိုင်စွမ်းမည် မဟုတ်ချေ။ |
| ၉၄။ | **يَعْتَذِرُونَ إِلَيْكُمْ إِذَا رَجَعْتُمْ إِلَيْهِمْ قُل لاَّ تَعْتَذِرُواْ لَن نُّؤْمِنَ لَكُمْ قَدْ نَبَّأَنَا اللّهُ مِنْ أَخْبَارِكُمْ وَسَيَرَى اللّهُ** |

---

(၁၁၅) **အာလ် အာရစ် الأَعْرَابِ** ဆိုသည်မှာ အာရဗ်လူမျိုးဟု အဓိပ္ပါယ် မသက်ရောက်ပေ။ ၎င်းသည် ယေဘုယျ နာမ်ဖြစ်၍ သဲကန္တာရအတွင်း ကျက်စားနေသော မည်သည့် လူမျိုးကို မဆို ဆိုလိုပေသည်။ ဤနေရာ၌ တိုင်းနိုင်ငံတစ်ခုရှိ လူနည်းစု တိုင်းရင်းသားများကို ဆိုလိုခြင်း ဖြစ်ပေသည်။

(၁၁၆) **မူအာသယ်သသားရ် الْمُعَذِّرُون** ဆိုသည်မှာ **အသသားရ** မှ ဆင့်ပွားခြင်း ဖြစ်၍ သူသည် တာဝန်မှရှောင်ဖယ်ချင်သည်၊ အရေးကိစ္စမှ ခေါင်းရှောင်သည်၊ အကြောင်းပြ၍ ကင်းလွတ်ခွင့်တောင်းသည် ဟူ၍ ဖြစ်ပေသည်။

| | |
|---|---|
| | **عَمَلَكُمْ وَرَسُولُهُ ثُمَّ تُرَدُّونَ إِلَى عَالِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۞**<br>သင်တို့သည် သူတို့ထံသို့ ပြန်ရောက်လာသော် ဝန်ချောင်ခွင့် တောင်းကြလိမ့်မည်။ "ဝန်ချောင်ခွင့် မတောင်းကြလင့်၊ သင်တို့အား ယုံကြည်ရန် ကျွန်ုပ်တို့၌ အကြောင်း မရှိချေ၊ သင်တို့၏ သတင်းအကြောင်းကို ပရတ်ဘုရားရှင်သည် ကျွန်ုပ်တို့အား ထုတ်ပြန်ပြီးလေပြီ။ ပရမတ်ဘုရားရှင်နှင့် အရှင့် ဥဂ္ဂဏ်စဥ်ဆောင်သည် သင့်တို့၏ ကျင့်ကြံသမျှအား မြင်နေတော်မူလတ္တံ့။ စက္ခုလွှန်များကို သိနေတော်မူသော အရှင့်ထံသို့ သင်တို့အား ပြန်ပို့လျှက် သင်တို့ ကျင့်ကြံ သမျှအား သက်သေဖြစ်စေတော် မူလတ္တံ့၊"ဟု ဆိုလော့။ |
| ၉၅။ | **سَيَحْلِفُونَ بِاللّهِ لَكُمْ إِذَا انقَلَبْتُمْ إِلَيْهِمْ لِتُعْرِضُواْ عَنْهُمْ فَأَعْرِضُواْ عَنْهُمْ إِنَّهُمْ رِجْسٌ وَمَأْوَاهُمْ جَهَنَّمُ جَزَاء بِمَا كَانُواْ يَكْسِبُونَ۞**<br>သင်တို့ပြန်လာကြသောအခါ၊ သူတို့အား ဗွေမယူရန် သူတို့သည် ပရမတ်ဘုရားရှင်အား တိုင်တည်ကျိန်ဆိုကြလိမ့်မည်။ သူတို့အား မသိကျိုးကျွံထားလော့၊ သူတို့သည် မသန့်စင်သူများ ဖြစ်၏။ သူတို့၏ ကျင့်ဆောင်မှုများကြောင့် သူတို့၏ နေရာထိုင်ခင်း ဆုလဒ်မှာ ငရဲဘုံသာ ဖြစ်ချေ၏။ |
| ၉၆။ | **يَحْلِفُونَ لَكُمْ لِتَرْضَوْاْ عَنْهُمْ فَإِن تَرْضَوْاْ عَنْهُمْ فَإِنَّ اللّهَ لاَ يَرْضَى عَنِ الْقَوْمِ الْفَاسِقِينَ۞**<br>သင်တို့က သူတို့အား ကြေနပ်စေရန် သူတို့သည် ကျိန်ဆိုပြောကြလိမ့်မည်။ သင်တို့သည် သူတို့အား ကြေနပ်ငြား သော်လည်း၊ ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးအားအား ကြေနပ်တော်မမူချေ။ |
| ၉၇။ | **الأَعْرَابُ أَشَدُّ كُفْرًا وَنِفَاقًا وَأَجْدَرُ أَلاَّ يَعْلَمُواْ حُدُودَ مَا أَنزَلَ اللّهُ عَلَى رَسُولِهِ وَاللّهُ عَلِيمٌ حَكِيمٌ۞**<br>ကန္တာရ တိုင်းရင်းသားများသည် ဖုံးကွယ်မှုနှင့် စိတ်နှစ်ခွဖြစ်မှု၌ ပြင်းထန်လှ၏။ ပရမတ်ဘုရားရှင်က အရှင့် ဥဂ္ဂဏ်စဥ် ဆောင်ထံမှ ချမှတ်ပေးရာအား မသိနားမလည်မှု၌ ပိုမိုလှ၏။ ပရမတ်ဘုရားရှင်သည်ကား သိနေသော အရှင် ဓမ္မသတ် ရှင် ဖြစ်တော်မူ၏။ |
| ၉၈။ | **وَمِنَ الأَعْرَابِ مَن يَتَّخِذُ مَا يُنفِقُ مَغْرَمًا وَيَتَرَبَّصُ بِكُمُ الدَّوَائِرَ عَلَيْهِمْ دَآئِرَةُ السَّوْءِ وَاللّهُ سَمِيعٌ عَلِيمٌ۞**<br>ကန္တာရ တိုင်းရင်းသားများအနက် သုံးစွဲလှူဒါန်းခြင်းကို ဆုံးရှုံးနစ်နာသည်ဟု ယူမှတ်လျှက် သင်တို့၌ အတိဒုက္ခ ရောက်မည်ကို စောင့်ကြည့်သူတို့ ရှိ၏။ သူတို့၌သာ အကုသိုလ် အတိဒုက္ခရောက်ပေလတ္တံ့၊ ပရမတ်ဘုရားရှင်သည် ကြားနေသော အရှင် သိနေသောအရှင် ဖြစ်၏။ |
| ၉၉။ | **وَمِنَ الأَعْرَابِ مَن يُؤْمِنُ بِاللّهِ وَالْيَوْمِ الآخِرِ وَيَتَّخِذُ مَا يُنفِقُ قُرُبَاتٍ عِندَ اللّهِ وَصَلَوَاتِ الرَّسُولِ أَلا إِنَّهَا قُرْبَةٌ لَّهُمْ سَيُدْخِلُهُمُ اللّهُ فِي رَحْمَتِهِ إِنَّ اللّهَ غَفُورٌ رَّحِيمٌ۞**<br>ကန္တာရ တိုင်းရင်းသားများအနက် ပရမတ်ဘုရားရှင်နှင့် နောင်ဘဝကာလကို ယုံကြည်ကြလျှက် သုံးစွဲလှူဒါန်းခြင်း သည် ပရမတ်ဘုရားရှင်၏ နီးစပ်ခွင့်ကိုလည်းကောင်း၊ ဥဂ္ဂဏ်စဥ်တော်ဆောင်၏ မေတ္တာပို့မှုကိုလည်းကောင်း ခံစားရ မည်ဟု ထင်သူများလည်း ရှိ၏။ ကေန်ပင် ၎င်းတို့သည် နီးစပ်လမ်းများပင်တည်း၊ သူတို့အား ပရမတ်ဘုရားရှင်၏ ကရုဏာတော်သို့ ဝင်စေလတ္တံ့။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။ |
| ၁၀၀။ | **وَالسَّابِقُونَ الأَوَّلُونَ مِنَ الْمُهَاجِرِينَ وَالأَنصَارِ وَالَّذِينَ اتَّبَعُوهُم بِإِحْسَانٍ رَّضِيَ اللّهُ عَنْهُمْ وَرَضُواْ عَنْهُ** |

| | |
|---|---|
| | وَأَعَدَّ لَهُمْ جَنَّاتٍ تَجْرِي تَحْتَهَا الأَنْهَارُ خَالِدِينَ فِيهَا أَبَدًا ذَلِكَ الْفَوْزُ الْعَظِيمُ۞<br>သတ်မှတ်ထားသော ရှေ့ဦး ခိုလှုံသူများနှင့် ကူညီသူများ[၅၁၇] ကောင်းမှုဆောင်တာ၌ သူတို့၏ နောက်သို့ လိုက်သော သူများ ထိုသူများကို ပရမတ်ဘုရားရှင် အားရကျေနပ်ရှိတော်မူ၍၊ သူတို့ကလည်း အရှင့်အား အားရကျေနပ် ရှိလေ၏။ သူတို့အတွက် အောက်ခြေ၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများနှင့် ထို၌ ကာလမဲ့ အစဉ် စံစားစေရန် ပြင်ဆင်ထား၏။ ဤသည် ကြီးကျယ်သော အောင်မြင်မှုပင်တည်း။ |
| ၁၀၁။ | وَمِمَّنْ حَوْلَكُم مِّنَ الأَعْرَابِ مُنَافِقُونَ وَمِنْ أَهْلِ الْمَدِينَةِ مَرَدُواْ عَلَى النِّفَاقِ لاَ تَعْلَمُهُمْ نَحْنُ نَعْلَمُهُمْ سَنُعَذِّبُهُم مَّرَّتَيْنِ ثُمَّ يُرَدُّونَ إِلَى عَذَابٍ عَظِيمٍ۞<br>သင်တို့ ပတ်ဝန်းကျင်ရှိ ကန္တာရ တိုင်းရင်းသားများနှင့် **မဒီနာ** မြို့သားများ အနက် သီလကြောင်များ ရှိ၏။ သူတို့သည် ယုံကြည်ဟန်ဆောင်ခြင်း၌ ခေါင်းမာလှ၍ သင်သည်သူတို့အား မသိပေ၊ ငါသည်သာ သိနေတော်မူ၏၊ သူတို့အား ဝဋ်ကြွေးဒဏ် နှစ်ကြိမ်နှစ်ခါ သင့်စေလတ္တံ့။ တဖန် ကြီးမားသော ဝဋ်ကြွေးထဲသို့ ပြန်လည်မောင်းထည့်လတ္တံ့။ |
| ၁၀၂။ | وَآخَرُونَ اعْتَرَفُواْ بِذُنُوبِهِمْ خَلَطُواْ عَمَلاً صَالِحًا وَآخَرَ سَيِّئًا عَسَى اللّهُ أَن يَتُوبَ عَلَيْهِمْ إِنَّ اللّهَ غَفُورٌ رَّحِيمٌ۞<br>မှားကြွေးများကို ဝန်ချတောင်းပန်သော အခြားသူများလည်း ရှိ၏။ သူတို့သည် သုစရိုက်မှုတစ်ခုအား အခြားသော အကုသိုလ်ဖြင့် ရောပြွန်းထားကြ၏။ ပရမတ်ဘုရားရှင်သည် သူတို့အား သင်ပုန်းချေပေးတော် မူနိုင်ရာ၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူပေ၏။ |
| ၁၀၃။ | خُذْ مِنْ أَمْوَالِهِمْ صَدَقَةً تُطَهِّرُهُمْ وَتُزَكِّيهِم بِهَا وَصَلِّ عَلَيْهِمْ إِنَّ صَلاَتَكَ سَكَنٌ لَّهُمْ وَاللّهُ سَمِيعٌ عَلِيمٌ۞<br>သူတို့၏ ဥစ္စာပစ္စည်းမှ အလှူဒါနကို လက်ခံလော့၊ ၎င်းအားဖြင့် သူတို့အား သန့်စင်စေလော့၊ ဖြူစင်စေလော့၊ သူတို့အတွက် မေတ္တာပွားပေးလော့၊ သင်၏ မေတ္တာဓါတ်သည် သူတို့အား အေးမြစေ၏၊ ပရမတ်ဘုရားရှင်သည်ကား ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်တော်မူ၏။ |
| ၁၀၄။ | أَلَمْ يَعْلَمُواْ أَنَّ اللّهَ هُوَ يَقْبَلُ التَّوْبَةَ عَنْ عِبَادِهِ وَيَأْخُذُ الصَّدَقَاتِ وَأَنَّ اللّهَ هُوَ التَّوَّابُ الرَّحِيمُ۞<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် အရှင့် အမှုတော်ဆောင်များထံမှ ခဝါချခြင်းကို အကိုးပြည့်စေတော်မူ၏၊ အလှူဒါနများကို လက်ခံတော်မူ၏– ဟူသည်ကို မသိကြလေသလော၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေတော်မူသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၀၅။ | وَقُلِ اعْمَلُواْ فَسَيَرَى اللّهُ عَمَلَكُمْ وَرَسُولُهُ وَالْمُؤْمِنُونَ وَسَتُرَدُّونَ إِلَى عَالِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۞<br>"ကျင့်ကြံကြလော့၊ သင်တို့ကျင့်ကြံသမျှအား ပရမတ်ဘုရားရှင်၊ အရှင်၏ ဥဇ္ဇက်စဉ်ဆောင်နှင့် ယုံကြည်သူများသည် သိနေ၏။ သင်တို့သည် စက္ခုလွန်နှင့် ပစ္စုပ္ပန်တို့အား သိနေတော်မူသော အရှင်ထံသို့သာ လှည့်ပြန်ရမည်တည်း။ ထို့နောက် သင်တို့ ပြုကျင့်သမျှအား ဖွင့်ချတော်မူအံ့၊"ဟု ဟောပြောလော့။ |
| ၁၀၆။ | وَآخَرُونَ مُرْجَوْنَ لِأَمْرِ اللّهِ إِمَّا يُعَذِّبُهُمْ وَإِمَّا يَتُوبُ عَلَيْهِمْ وَاللّهُ عَلِيمٌ حَكِيمٌ۞<br>သူတို့အား ဝဋ်ကြွေးဒဏ်သင့်စေရန်၊ သို့မဟုတ် သင်ပုန်းချေပေးရန် ပရမတ်ဘုရားရှင်က စီမံချက်ချသည်ကို စောင့်နေ |

(၅၁၇) **မုဟာဂျီရီးန်** ဆိုသည်မှာ နေရာထိုင်ခင်း တစ်ခုအတွက် ရှာဖွေခိုလှုံရသူများဟု အနက်ပေးပြီး၊ **အန်ဆွာရ်** ဆိုသည်မှာ ထိုဒုက္ခသည်များအား စာနာကူညီသော သူများကိုခေါ်ပေသည်။ မက္ကာဟ်ရှိ မွတ်ဆလင်များသည် အယူဝါဒတစ်ခုအတွက် မက္ကာဟ်သားများ၏ နှိပ်စက်ညှင်းပန်းမှုကြောင့် နဗိဝီ ၁၀ ခုနှစ်တွင် မဒီနာသို့ ပြောင်းရွှေ့ခိုလှုံခဲ့ရပေသည်။ ထိုနှစ်မှ စ၍ အစ္စလာမ်ပြက္ခဒိန်ကို ဟစ်ဂျ်ရီ (၁) ခုနှစ်ဟု စတင်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

| | |
|---|---|
| | ကြသော အခြားသူများလည်း ရှိ၏။ ကေန်ပင် ပရတ်ဘုရားရှင်သည် ကုန်စင်သိနေတော်မူ၏၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၁၀၇။ | وَالَّذِينَ اتَّخَذُواْ مَسْجِدًا ضِرَارًا وَكُفْرًا وَتَفْرِيقًا بَيْنَ الْمُؤْمِنِينَ وَإِرْصَادًا لِّمَنْ حَارَبَ اللّهَ وَرَسُولَهُ مِن قَبْلُ وَلَيَحْلِفَنَّ إِنْ أَرَدْنَا إِلاَّ الْحُسْنَى وَاللّهُ يَشْهَدُ إِنَّهُمْ لَكَاذِبُونَ۞<br>နစ်နာဆုံးရှုံးစေရန်၊ ဖုံးကွယ်ခြင်းသို့ တိမ်းရန်၊ ယုံကြည်သူများအကြား ဝိဝါဒကွဲစေရန်၊ ယခင်က ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင် အတွက် စစ်တိုက်ခဲ့သူအား လက်ပုန်းတိုက်ခိုက်ရန် **ဝတ်ကျောင်းဆောင်** ဆောက်လုပ်သူတို့က "ကျွန်ုပ်တို့သည် သုမင်္ဂလာမှတစ်ပါး အခြားအရာအား မရည်သန်ပါ၊"ဟု ကျိန်ဆိုသော်လည်း၊ ပရမတ်ဘုရားရှင်သည် သူတို့၏ လိမ်လည်မှုအား သက်သေခံတော်မူလတ္တံ့။ |
| ဗလီ | |
| ၁၀၈။ | لاَ تَقُمْ فِيهِ أَبَدًا لَّمَسْجِدٌ أُسِّسَ عَلَى التَّقْوَى مِنْ أَوَّلِ يَوْمٍ أَحَقُّ أَن تَقُومَ فِيهِ فِيهِ رِجَالٌ يُحِبُّونَ أَن يَتَطَهَّرُواْ وَاللّهُ يُحِبُّ الْمُطَّهِّرِينَ۞<br>ထိုနေရာ၌ လုံးဝမရပ်တည်ကြလင့်၊ ရှေးဦးကာလပင် စည်းစောင့်ရန် အလို့ငှာ တည်ဆောက်ထားသော ဝတ်ကျောင်းတော်သည်သာ အမှန်ကန် ဆုံးဖြစ်၍၊ ထို၌ ရပ်တည်ကြလော့၊ ထို၌ မိမိကိုယ်မိမိ ဖြူစင်မှုကို မြတ်နိုးသော လူသားတို့ ရှိ၏။ ပရမတ်ဘုရားရှင်သည်ကား၊ ဖြူစင်သူတို့အား နှစ်သက်တော်မူ၏။[၅၁၈] |
| ၁၀၉။ | أَفَمَنْ أَسَّسَ بُنْيَانَهُ عَلَى تَقْوَى مِنَ اللّهِ وَرِضْوَانٍ خَيْرٌ أَم مَّنْ أَسَّسَ بُنْيَانَهُ عَلَىَ شَفَا جُرُفٍ هَارٍ فَانْهَارَ بِهِ فِي نَارِ جَهَنَّمَ وَاللّهُ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۞<br>ပရမတ်ဘုရားရှင်၏ သဘောကျခြင်းကို ရှာမှီးကာ စည်းစောင့်ခြင်း၌ အခြေခံ အုပ်မြစ်ချသူ ရှိ၍၊ သို့မဟုတ် ပြိုကျသော ချောက်ကမ်းပါးတွင် အုပ်မြစ်ချကာ ၎င်းသည် သူနှင့်အတူ အပူ ငရဲမီးထဲသို့ ကျိုးကျသွားခြင်း ခံရသူလည်း ရှိ၏။ မည်သူသည် ပို၍ကောင်းမြတ်သနည်း၊ ပရမတ်ဘုရားရှင်သည် အမိုက်စီးသော လူမျိုးအား လမ်းပြတော်မမူချေ။ |
| ၁၁၀။ | لاَ يَزَالُ بُنْيَانُهُمُ الَّذِي بَنَوْاْ رِيبَةً فِي قُلُوبِهِمْ إِلاَّ أَن تَقَطَّعَ قُلُوبُهُمْ وَاللّهُ عَلِيمٌ حَكِيمٌ۞<br>သူတို့ ဆောက်သော အဆောက်အအုံသည် သူတို့အား စိတ်နှလုံးများ အက်ကွဲကျေမွခြင်းသာ ဖြစ်စေ၍၊ စိတ်နှလုံး မလုံခြင်းကို အဆက်မပြတ် ဖြစ်စေလတ္တံ့၊ ပရမတ်ဘုရားရှင်သည် ကုန်စင်သိနေသော၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၁၁၁။ | إِنَّ اللّهَ اشْتَرَى مِنَ الْمُؤْمِنِينَ أَنفُسَهُمْ وَأَمْوَالَهُم بِأَنَّ لَهُمُ الجَنَّةَ يُقَاتِلُونَ فِي سَبِيلِ اللّهِ فَيَقْتُلُونَ وَيُقْتَلُونَ وَعْدًا عَلَيْهِ حَقًّا فِي التَّوْرَاةِ وَالإِنجِيلِ وَالْقُرْآنِ وَمَنْ أَوْفَى بِعَهْدِهِ مِنَ اللّهِ فَاسْتَبْشِرُواْ بِبَيْعِكُمُ الَّذِي بَايَعْتُم بِهِ وَذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۞<br>ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့ထံမှ သူတို့၏ ဉာဉ်စရိုက်နှင့် ဥစ္စာပစ္စည်းများကို ဝယ်ယူတော်မူပြီ၊ ထို့အတွက် သူတို့အဘို့ နိဗ္ဗာန်ဘုံသည် ရှိနေ၏၊ သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတော်လှန်ကြ၏၊ သို့ဖြစ်၍ |

(၅၁၈) အစ္စလာမ် သာသနာတွင် ဝတ်ကျောင်းဆောင်များအား မည်သို့ရည်ရွယ်၍ ဆောက်လုပ်ရမည်။ အဓိဋ္ဌာန် မကောင်းဘဲလျှက် တည်ဆောက်ထားသော ဝတ်ကျောင်းတော်များတွင် ဝတ်ပြုခွင့် မရှိကြောင်းကိုလည်း ပညတ်ထားပေသည်။ သို့သော် ထိုဥပဒေပေါ်တွင် အခွင့်အရေး ယူ၍ အချင်းချင်း သာသနာပျက်ဟုလည်းကောင်း၊ မိမိနှင့် အယူအဆ မတူသည့် သူများက ဆောက်လုပ်ထားသော ဝတ်ကျောင်းတော်များကို သာသနာပျက်တို့၏ ဝတ်ကျောင်းတော်ဟု သမုတ်ခွင့် လုံးဝ မရှိချေ။ ဝတ်မပြုထိုက်သော ဝတ်ကျောင်းတော်များ၏ ဂုဏ်ပုဒ်များကို သုတ်တော် ၁၀၇ တွင် ရှင်းလင်းစွာတွေ့ရပေသည်။

| | |
|---|---|
| | တိုက်ခိုက်ချေမှုန်းရခြင်း၊ သတ်ဖြတ်ချေမှုန်းခံရခြင်းများ ရှိ၏၊ ကတိတော်သည် အရှင်၌ တာဝန်ရှိသည်ဟု တိုရာဟ်ကျမ်း၊ ဧဝံဂေလိကျမ်းနှင့် ကုရ်အာံကျမ်းတော်တို့တွင်လာ၏။[၅၁၉] ပရမတ်ဘုရားရှင်ထက် သာ၍ မည်သူသည် ကတိတော်အား ဖြည့်ဆီးမည်နည်း။ အရှင်မြတ်နှင့် အပြန်အလှန်ပြုထားသော ကတိတော်၌ ဝမ်းမြောက်ဝမ်းသာ ရှိကြလော့၊ ယင်းသည် ကြီးမားသော အောင်မြင်မှုပင်ဖြစ်၏။ |
| ၁၁၂။ | **التَّائِبُونَ الْعَابِدُونَ الْحَامِدُونَ السَّائِحُونَ الرَّاكِعُونَ السَّاجِدونَ الآمِرُونَ بِالْمَعْرُوفِ وَالنَّاهُونَ عَنِ الْمُنكَرِ وَالْحَافِظُونَ لِحُدُودِ اللّهِ وَبَشِّرِ الْمُؤْمِنِينَ۞**<br>ခဝါချသူများ၊ အမှုတော်ဆောင်သူများ၊ ရည်သန်စူးစိုက်သူများ၊ နှိမ့်ချမှုရှိသူ၊ ဦးညွှတ်သူများ၊ ဦးချသူများ၊ တရားမျှတမှုအား ဆင့်ဆိုသူများ၊ မသင့်လျော်မှုအား တားမြစ်သူများ၊ ပရမတ်ဘုရားရှင်၏ စည်းကမ်းချက်များအား ထိန်းသိမ်းစောင့်ရှောက် သူများ၊ ထိုယုံကြည်သူများအား သတင်းကောင်းကိုပါးလော့။ |
| ၁၁၃။ | **مَا كَانَ لِلنَّبِيِّ وَالَّذِينَ آمَنُواْ أَن يَسْتَغْفِرُواْ لِلْمُشْرِكِينَ وَلَوْ كَانُواْ أُوْلِي قُرْبَى مِن بَعْدِ مَا تَبَيَّنَ لَهُمْ أَنَّهُمْ أَصْحَابُ الْجَحِيمِ۞**<br>သူတို့သည် ငရဲ၏ အဖေါ်များ ဖြစ်သည်ဟု ရှင်းလင်းထင်ရှား ပြီးနောက် ဆွေမျိုးနီးစပ်များ ဖြစ်သော်လည်း၊ သတင်းတော်ဆောင်နှင့် ယုံကြည်သူတို့သည် ရောပြွန်းကိုးကွယ်သူတို့အတွက် လွတ်ငြိမ်းခွင့် မတောင်းသင့်ပေ။[၅၂၀] |
| ၁၁၄။<br><br>ဖခင် | **وَمَا كَانَ اسْتِغْفَارُ إِبْرَاهِيمَ لِأَبِيهِ إِلاَّ عَن مَّوْعِدَةٍ وَعَدَهَا إِيَّاهُ فَلَمَّا تَبَيَّنَ لَهُ أَنَّهُ عَدُوٌّ لِلّهِ تَبَرَّأَ مِنْهُ إِنَّ إِبْرَاهِيمَ لأوَّاهٌ حَلِيمٌ۞**<br>အီဗရာဟီးမ်သည် သူ့ခမည်းတော်အား ပေးထားပြီး ကတိကြောင့်သာ လွတ်ငြိမ်းဆုကို တောင်းပေး၏။ ကေန်ပင် **သူ**သည် ပရမတ်ဘုရားရှင်၏ ရန်သူဖြစ်သည်ဟု ရှင်းလင်းသောအခါ၊ သူနှင့် မသက်ဆိုင်တော့ကြောင်း ကြေငြာ၏။ ကေန်ပင် အီဗရာဟီးမ်သည် သက်ညှာသနား တတ်သူဖြစ်၏။ |

---

**(၅၁၉)** ခရစ်ယာန်များက ဤသုတ်တော်ပါ ကြေငြာချက်သည် မှန်ကန်မှုမရှိဟု ဝေဖန်ကြ၏။ ဝယ်ရီ Wherry က ဘရင့်မင်း၏ အစ္စလာမ်ပေါ်၌ ကောက်နုတ်ချက် Brinkman’s Note on Islam ဆိုသည်ကို ကိုးကားလျက် “ဤကြေငြာချက်သည် ကုရ်အာန်တစ်အုပ်လုံးတွင် မမှန်ကန်ဆုံးသော အရာ ဖြစ်သည်၊”ဟု ဆိုထားပေသည်။ အစ္စလာမ်တို့၏ ကျမ်းမြတ်ကုရ်အာန်သည် မမှန်သော အရာအား လုံးဝ သွန်သင်ထားခြင်း၊ ပညတ်ထားခြင်း မရှိ ဆိုသည်ကို ကျမ်းတော်ကိုယ်တိုင်က အာမခံထားပေသည်။ ဤသုတ်တော် “ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့ထံမှ သူတို့၏ ဉာဉ်စရိုက်နှင့် ဥစ္စာပစ္စည်းများကို ဝယ်ယူတော်မူပြီ၊ ထို့အတွက် သူတို့အဘို့ နိဗ္ဗာန်ဘုံ သည်ရှိနေ၏၊ သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတော်လှန်ကြ၏၊ သို့ဖြစ်၍ တိုက်ခိုက်ချေမှုန်းရခြင်း၊ သတ်ဖြတ်ချေမှုန်းခံရခြင်း များရှိ၏၊ ကတိတော်သည် အရှင်၌ တာဝန်ရှိသည်၊” မှ **“သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ခုခံတော်လှန်ကြ၏၊ သို့ဖြစ်၍ တိုက်ခိုက်ချေမှုန်းရခြင်း၊ သတ်ဖြတ်ချေမှုန်းခံရခြင်း များရှိ၏၊”** ဆိုသော အပိုဒ်သည် ကတိတော်၏ တစ်ပိုင်းတစ်စ မဟုတ်ချေ။ ၎င်းသည် ရှေ့ဝါကျ **“ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့ထံမှ သူတို့၏ ဉာဉ်စရိုက်နှင့် ဥစ္စာပစ္စည်းများကို ဝယ်ယူတော်မူပြီ။”** ဆိုသည်ကို ရှင်းလင်းထားခြင်း ဖြစ်ပေသည်။ သမ္မာကျမ်းစာအား သူတို့လိုသလို မည်သို့ပင် ပြောင်းလဲထားသည် ဖြစ်စေ ယခုအချိန်ထိ “ယေရှုကလည်း သင်သည် စုံလင်ခြင်းသို့ ရောက်လိုလျှင် သွားလော့၊ ကိုယ် ဥစ္စာများကို ရောင်း၍ ဆင်းရဲသောသူတို့အား ပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ ဘဏ္ဍာကို ရလိမ့်မည်၊ သို့ပြီးမှ ငါ့နောက်သို့ လိုက်လော့၊”ဟု ဆိုသော ကတိသည် ရှင်မသဲ (၁၉း၂၁) တွင် ဖျက်ပယ်ခြင်း မရှိသေးချေ။ ဤသမ္မာကျမ်းချက်က ကောင်းကင်နိုင်ငံတော်သို့ ရောက်ရန် မိမိ၏ ကိုယ် ဥစ္စာများအား ဘုရားသခင်၏ လမ်းတော်အတွက် ရောင်းခြင်းပင် ဖြစ်သည် ဆိုခြင်းမှာ ငြင်းပယ် ဖုံးကွယ်၍ မရနိုင်ပေ။ ထို့အပြင် တရားဟောရာကျမ်း ၆း၅ တွင်လည်း “သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့၊” ထိုသို့ ချစ်လျှင် ထာဝဘုရားက ကတိတော်ထားသည်ကို ရမည်ဟု ထိုကျမ်း ၆း၃ တွင် ဖေါ်ပြထားပေသည်။ ထိုကတိစကားများ၏ အဓိပ္ပါယ်သည် ကျမ်းမြတ်ကုရ်အာန်ပါ ဤ ကတိတော်နှင့် အတူတူ မဟုတ်ချေ ဟု အမုန်းတရားအား အချေခံ၍ မဆုံဖြတ်သင့်ချေ။

**(၅၂၀)** ဤသုတ်တော်သည် အစ္စလာမ်သာသနာဝင် မဟုတ်သူများအား အပေါ်သို့ ဆုတောင်းမေတ္တာ မပို့ရဟု ပညတ်ထားခြင်း မဟုတ်ချေ။ အစ္စလာမ် မဟုတ်သူများ အနက်မှ အစ္စလာမ်၏ ရန်သူ အစစ်အမှန် ဖြစ်သူများ အတွက်သာ ရန်၊ ငါ ပြတ်သားစေရန် ပညတ်ခြင်း ဖြစ်ပေသည်။ ထို အချက်ကို “သူတို့သည် ငရဲ၏ အဖေါ်များ ဖြစ်သည်ဟု ရှင်းလင်းထင်ရှားပြီးနောက်” ဟူသော စကားက ခိုင်လုံစေပေသည်။ အစ္စလာမ်များ အပေါ် ရန်မလိုသော သူတို့အား မေတ္တာပျက်ရန် သွန်သင်ထားသော ကျမ်းချက် သုတ်တော်ဟူ၍ ဤကုရ်အာံကျမ်းတော်၌ မပါဝင်ချေ။

| | |
|---|---|
| ၁၁၅။ | **وَمَا كَانَ اللّهُ لِيُضِلَّ قَوْمًا بَعْدَ إِذْ هَدَاهُمْ حَتَّى يُبَيِّنَ لَهُم مَّا يَتَّقُونَ إِنَّ اللّهَ بِكُلِّ شَيْءٍ عَلِيمٌ**<br>ပရမတ်ဘုရားရှင်သည် လူမျိုးတစ်မျိုးအား လမ်းညွှန်ပြပြီးနောက် သူတို့စည်းစောင့်ရမည့်အရာကို ရှင်းလင်းစေသည့်တိုင် သူတို့အား  အပါယ်သို့ ပို့တော်မူသည် မဟုတ်ချေ။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား သိနေတော်မူ၏။ |
| ၁၁၆။ | **إِنَّ اللّهَ لَهُ مُلْكُ السَّمَاوَاتِ وَالأَرْضِ يُحْيِي وَيُمِيتُ وَمَا لَكُم مِّن دُونِ اللّهِ مِن وَلِيٍّ وَلاَ نَصِيرٍ۝**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ အရှင်သခင် ဘုရားရှင် ဖြစ်တော်မူ၏။ နိစ္စ၊ အနိစ္စကို ဖြစ်စေ၏။ ပရမတ်ဘုရားရှင်နှင့် တုပြိုင်၍ စောင့်ရှောက်သူ၊ ကူညီသူဟူ၍ မရှိပြီ။ |
| ၁၁၇။ | **لَقَد تَّابَ الله عَلَى النَّبِيِّ وَالْمُهَاجِرِينَ وَالأَنصَارِ الَّذِينَ اتَّبَعُوهُ فِي سَاعَةِ الْعُسْرَةِ مِن بَعْدِ مَا كَادَ يَزِيغُ قُلُوبُ فَرِيقٍ مِّنْهُمْ ثُمَّ تَابَ عَلَيْهِمْ إِنَّهُ بِهِمْ رَؤُوفٌ رَّحِيمٌ۝**<br>မုချကေန် ပရမတ်ဘုရားရှင်သည် သတင်းတော်ဆောင်နှင့် သူ၏ အရေးကြုံနေသော အချိန်နာရီများတွင် သူ့နောက်မှလိုက်သော စွန့်ခွာရသူများ၊ ကြိုဆိုညှော်ခံသူများကို သင်ပုန်းချေပေးတော်မူ၏၊ သူတို့အနက်မှ တစ်စု၏ နှလုံးသားများသည် တိမ်းပါးချွတ်ချော်လု ဖြစ်သောအခါ၊ သူတို့အား သင်းပုန်းချေပေးတော်မူ၏၊ ကေန်ပင် အရှင်မြတ်သည် သက်ညှာသောအရှင် ကြင်နာသောရှင် ဖြစ်တော်မူပေ၏။ |
| ၁၁၈။ | **وَعَلَى الثَّلاَثَةِ الَّذِينَ خُلِّفُواْ حَتَّى إِذَا ضَاقَتْ عَلَيْهِمُ الأَرْضُ بِمَا رَحُبَتْ وَضَاقَتْ عَلَيْهِمْ أَنفُسُهُمْ وَظَنُّواْ أَن لاَّ مَلْجَأَ مِنَ اللّهِ إِلاَّ إِلَيْهِ ثُمَّ تَابَ عَلَيْهِمْ لِيَتُوبُواْ إِنَّ اللّهَ هُوَ التَّوَّابُ الرَّحِيمُ۝**<br>နောက်တွင်ကျန်ရစ်သော လူသုံးမျိုးကိုလည်း[၅၂] မြေကမ္ဘာသည် ကျယ်ဝန်းသော်လည်း သူတို့အတွက် ကျဉ်းကြပ်စေတော်မူ၍၊ ပရမတ်ဘုရားရှင်မှ အပ ခိုလှုံရာ မရှိဟု ထင်မှတ်စေသည့်တိုင်အောင် သူတို့၏ စိတ်စရိုက်အား ကြပ်တည်းစေ၏။ ထို့နောက် သူတို့သည် ခဝါချအံ့သောငှာ သူတို့အား သင်ပုန်းချေပေးတော်မူ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေပေးသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူပေ၏။ |
| ၁၁၉။ | **يَا أَيُّهَا الَّذِينَ آمَنُواْ اتَّقُواْ اللّهَ وَكُونُواْ مَعَ الصَّادِقِينَ۝**<br>အို–ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဖြောင့်မတ်သူများနှင့် အတူရှိကြလော့။ |
| ၁၂၀။ | **مَا كَانَ لِأَهْلِ الْمَدِينَةِ وَمَنْ حَوْلَهُم مِّنَ الأَعْرَابِ أَن يَتَخَلَّفُواْ عَن رَّسُولِ اللّهِ وَلاَ يَرْغَبُواْ بِأَنفُسِهِمْ عَن نَّفْسِهِ ذَلِكَ بِأَنَّهُمْ لاَ يُصِيبُهُمْ ظَمَأٌ وَلاَ نَصَبٌ وَلاَ مَخْمَصَةٌ فِي سَبِيلِ اللّهِ وَلاَ يَطَؤُونَ مَوْطِئًا يَغِيظُ الْكُفَّارَ وَلاَ يَنَالُونَ مِنْ عَدُوٍّ نَّيْلاً إِلاَّ كُتِبَ لَهُم بِهِ عَمَلٌ صَالِحٌ إِنَّ اللّهَ لاَ يُضِيعُ أَجْرَ الْمُحْسِنِينَ۝**<br>မဒီနာမြို့သားများနှင့် ၎င်း၏ဝန်းကျင်နေ ကန္တာရတိုင်းသားတို့သည် ပရမတ်ဘုရားရှင်၏ ဥာဏ်စဉ်ဆောင်နောက်ကွယ်၌ မကျန်ရစ်ထိုက်ပေ။ သို့မဟုတ် သူတို့၏စိတ်စရိုက်ကို ကိုယ်တော်၏ စိတ်ဆန္ဒထက် ဦးစားမပေးသင့်ချေ။ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ရေဆာခြင်း၊ ပင်ပန်းဆင်းရဲခြင်း၊ ဆာလောင်ငတ်မွတ်ခြင်းများ၊ ရန်သူမိစ္ဆာများအား |

(၅၂) များစွာသော ဆရာတော်ကြီးများက သမိုင်းဆရာများ၏ အလိုသို့လိုက်၍ ထိုအချိန်တွင် ရန်သူများအား တော်လှန်ရာ၌ မလိုက်ဘဲ ကျန်နေရစ်သူများဖြစ်သည့် ကအိုက်ဘင် မလက်ခ်၊ ဟာလ်ဘင် အိုင်မိုင်ယာနှင့် မာရဝါဘင် ရာဗိ ဟူသည့် လူသုံးဦး ဖြစ်သည်ဟု ဖွင့်ဆိုကြပေသည်။ သို့သော် အချို့သော ဆရာတော်ကြီးများကလည်း ဤလူသုံးဦးဆိုသည်မှာ သစ္စာဖေါက် ရန်သူများ ဖြစ်ကြောင်းကို ယေဘုယျ ဆိုလိုသည်ဟု တင်ပြပေသည်။ သို့သော် ဤသုတ်တော်နှင့် ဆက်စပ်သော အကြောင်း အရာအရ သုတ်တော် ၁၀၆၊ ၁၀၇ နှင့် ၁၁၃ တွင် လူအမျိုးအစားများကို တွေ့ရပေသည်။ ထိုသူတို့သည် ထိုစဉ်အချိန်က ပရမတ်ဘုရားရှင်အား လက်မခံခဲ့ကြသော်လည်း နောက်ပိုင်းတွင် ထိုလူမျိုးအကုန် လက်ခံ ယုံကြည်လာခဲ့ပေသည်။ ထို့ကြောင့် ဤဘာသာပြန်တွင် လူသုံးဦးဟု ဘာသာမပြန်ဘဲ၊ အထက်ပါ လူအမျိုးအစားများကို ရည်ညွှန်းသော လူသုံးမျိုးဟု ဘာသာပြန်ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ဒေါသဖြစ်စရာ ပြုမူရခြင်းများ၊ သူတို့အား ထိခိုက်သကဲ့သို့ မိမိအား တန်ပြန်ခံရခြင်းများ– တို့သည် သူတို့ အတွက် ဆက်ခံစေရာ ဆက်ခံမှု မဟုတ်ချေ။ သူတို့၏ ကောင်းမှုဆောင်တာများကို ထည့်သွင်းမှတ်တမ်း တင်ထား၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကောင်းမွန်သူတို့၏ ဆုလဒ်ကို အချိးနှီး ဖြစ်စေတော် မမူချေ။ |
| ၁၂၁။ | وَلاَ يُنفِقُونَ نَفَقَةً صَغِيرَةً وَلاَ كَبِيرَةً وَلاَ يَقْطَعُونَ وَادِيًا إِلاَّ كُتِبَ لَهُمْ لِيَجْزِيَهُمُ اللّهُ أَحْسَنَ مَا كَانُواْ يَعْمَلُونَ ۝<br>နည်းများမဆို သူတို့၏ လှူဒါန်းသုံးစွဲသမျှကို လည်းကောင်း၊ တောင်ကြားဒေသ၌ ဖြတ်သန်းသွားလာခြင်းကို လည်းကောင်း၊ သူတို့ ကျင့်ကြံသမျှ၏ အကောင်းဆုံးများကို ပရမတ်ဘုရားရှင်က ဆုလဒ်အဖြစ် ပြန်ပေးရန် စာရင်းမှတ်ထားတော်မူ၏၊ |
| ၁၂၂။ | وَمَا كَانَ الْمُؤْمِنُونَ لِيَنفِرُواْ كَآفَّةً فَلَوْلاَ نَفَرَ مِن كُلِّ فِرْقَةٍ مِّنْهُمْ طَآئِفَةٌ لِّيَتَفَقَّهُواْ فِي الدِّينِ وَلِيُنذِرُواْ قَوْمَهُمْ إِذَا رَجَعُواْ إِلَيْهِمْ لَعَلَّهُمْ يَحْذَرُونَ ۝<br>ယုံကြည်သူများသည် အားလုံးအတူတကွ စစ်မထွက်အပ်ချေ။ အသင်းတစ်သင်းမှ အသင်းသား တစ်စုစီသာ စစ်ချီအပ်၏။ ကျန်သူများက သာသနာရေး ဗဟုသုတအား ရှာမှီးထိုက်၏။၅၂၂ သို့ဖြင့် သူတို့၏ စစ်သည်များ ပြန်လာသောအခါ သူတို့အနေဖြင့် သတိမူမိရန် အလို့ငှာ သူတို့အား သတိပေးနိုင်ရာ၏။ |
| ၁၂၃။ | يَا أَيُّهَا الَّذِينَ آمَنُواْ قَاتِلُواْ الَّذِينَ يَلُونَكُم مِّنَ الْكُفَّارِ وَلِيَجِدُواْ فِيكُمْ غِلْظَةً وَاعْلَمُواْ أَنَّ اللّهَ مَعَ الْمُتَّقِينَ ۝<br>အို ယုံကြည်သောသူတို့၊ သင်တို့၏ အနီးမှ ရန်သူမိစ္ဆာတို့အား တော်လှန်ကြလော့၊ သင်တို့၏ ပြတ်သားမှုကို သူတို့အား မြင်စေလော့၊ သိကြလော့– ပရမတ်ဘုရားရှင်သည်ကား စည်းစောင့်သူများနှင့် အတူရှိတော်မူ၏။ |
| ၁၂၄။ | وَإِذَا مَا أُنزِلَتْ سُورَةٌ فَمِنْهُم مَّن يَقُولُ أَيُّكُمْ زَادَتْهُ هَذِهِ إِيمَانًا فَأَمَّا الَّذِينَ آمَنُواْ فَزَادَتْهُمْ إِيمَانًا وَهُمْ يَسْتَبْشِرُونَ ۝<br>အသင်တို့ထံသို့ ဓမ္မခန္ဓာတစ်ခု ချမှတ်ပေးတော်မူတိုင်း၊ သူတို့အနက်မှ "၎င်းမှ မည်သည်က အသင်တို့အား ယုံကြည်မှု၌ တိုးတက်စေသနည်း၊"ဟု ပြောသူတို့ ရှိ၏။ ယုံကြည်သူတို့မှာ မူကား ၎င်းကြောင့် ယုံကြည်မှုကို တိုးပွားကြ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။ |
| ၁၂၅။ | وَأَمَّا الَّذِينَ فِي قُلُوبِهِم مَّرَضٌ فَزَادَتْهُمْ رِجْسًا إِلَى رِجْسِهِمْ وَمَاتُواْ وَهُمْ كَافِرُونَ<br>နှလုံးသား၌ ရောဂါစွဲကပ်နေသူတို့သည်ကား ၎င်းကြောင့် ညစ်ညမ်းမှုပေါ် ညစ်ညမ်းမှု ထပ်ဆင့် ဖြစ်ပေါ်စေ၏၊ သူတို့သည် ဖုံးကွယ်သူများ အဖြစ်ဖြင့်သာ ကွယ်လွန်ကြမည်ပင်။ |
| ၁၂၆။ | أَوَلاَ يَرَوْنَ أَنَّهُمْ يُفْتَنُونَ فِي كُلِّ عَامٍ مَّرَّةً أَوْ مَرَّتَيْنِ ثُمَّ لاَ يَتُوبُونَ وَلاَ هُمْ يَذَّكَّرُونَ ۝<br>နှစ်တိုင်းပင် သူတို့အား တစ်ကြိမ်၊ နှစ်ကြိမ် စုံစမ်းတော်မူသည်ကို မဆင်ခြင်မိကြသလော၊ သို့သော် သူတို့သည် ခဝါချခြင်း မရှိကြ၊ သတိပြန်ရခြင်း မရှိကြချေ။ |
| ၁၂၇။ | وَإِذَا مَا أُنزِلَتْ سُورَةٌ نَّظَرَ بَعْضُهُمْ إِلَى بَعْضٍ هَلْ يَرَاكُم مِّنْ أَحَدٍ ثُمَّ انصَرَفُواْ صَرَفَ اللّهُ قُلُوبَهُم بِأَنَّهُمْ قَوْمٌ لاَّ يَفْقَهُون ۝ |

(၅၂၂) ဘာသာရေး ဗဟုသုတ ဆိုသည်မှာ ကျမ်းမြတ်ကုရ်အာန်အား အသံထွက်ကိုသာ ဖတ်နိုင်ရန်၊ အဓိပ္ပါယ်နားမလည်ဘဲ အလွတ်ကျက်ရန်၊ တစ်ခု တည်းကိုသာ ပြောဆိုခြင်း မဟုတ်ချေ။ အစ္စလာမ်က ပြောဆိုသော ဘာသာရေး ဗဟုတဆိုသည်မှာ လွန်စွာ ကျယ်ပြောပေသည်။ ကျမ်းတော်တွင် သိပ္ပံရေးရာ၊ နည်းပညာရေးရာ၊ သမိုင်း၊ ပထဝီ စသော ပညာရပ်အားလုံးကို လေ့လာကြရန်နှင့် ထိုသို့ပညာရပ်များကို တတ်လေလေ ကျမ်းတော် အား ပိုမို၍ နားလည်သဘောပေါက်လေလေ ဖြစ်ကြောင်း ကျမ်းတော်၏ များစွာသော နေရာများတွင် သတိပေးထားပေသည်။

| | |
|---|---|
| | သူတို့အား ဓမ္မခန္ဓာ တစ်ခု ချမှတ်ပေးတော် မူတိုင်း၊ အချင်းချင်း ငေးမောကြည့်ကြလျက် “အသင်တို့အား တစ်စုံတစ်ယောက်က မြင်ပါသလား၊”ဟု မေးမြန်းကြ၍၊ ဘက်လှည့်ပြေးကြ၏။ သူတို့သည် နားလည်နိုင်စွမ်း မရှိသော လူမျိုး ဖြစ်သောကြောင့် ပရမတ်ဘုရားရှင်က သူတို့၏ နှလုံးသားအား ဘက်ပြန်နေစေ၏။ |
| ၁၂၈။ | لَقَدْ جَاءكُمْ رَسُولٌ مِّنْ أَنفُسِكُمْ عَزِيزٌ عَلَيْهِ مَا عَنِتُّمْ حَرِيصٌ عَلَيْكُم بِالْمُؤْمِنِينَ رَؤُوفٌ رَّحِيمٌ۞<br>သင်တို့ထံသို့ သင်တို့၏ စရိုက်မျိုးနွယ်တူမှ ဥာဏ်စဥ်တော်ဆောင်သည့် ရောက်ရှိလာပြီး၊ သောက ဖြစ်၏၊ သင်တို့အတွက် ကြောင့်ကြလျက် စိတ်မအေးပေ။[၅၂၃] ယုံကြည်သူများ အပေါ်၌လည်း စာနာထောက်ထား အကြင်နာပွား၏။ |
| ၁၂၉။<br><br>၆း၉၉<br>☆၁၀း၃ | فَإِن تَوَلَّوْاْ فَقُلْ حَسْبِيَ اللّهُ لا إِلَـهَ إِلاَّ هُوَ عَلَيْهِ تَوَكَّلْتُ وَهُوَ رَبُّ الْعَرْشِ الْعَظِيمِ۞<br>သူတို့သည် လှည့်သွားကြလေလျှင်၊ “ကျွန်ုပ်အတွက် ပရမတ်ဘုရားရှင်သည် လုံလောက်ပေ၏။ အရှင်မှ အပ အခြား ဘုရား ဟူ၍ မရှိပြီ၊ အရှင့်ကိုသာ ယုံပုံကိုးစားပေ၏။ အရှင်သည် ထပ်ဆင့်ကွပ်ကဲမှု၏☆ ကံကြမ္မာရှင် ဖြစ်၏။” ဟု ပြောလော့။ |

(၅၂၃) ဤသည် ကိုယ်တော်မုဟမ္မဒ်၏ နှလုံးသားကို ပုံရိပ်ဖေါ်ပြခြင်း ဖြစ်ပေ၏။ ကိုယ်တော်သည်၊ လူအုပ်စုတစ်ခုတည်း၊ လူတစ်မျိုးတည်း အတွက် သောက ဖြစ်နေခြင်း မဟုတ်ချေ။ လူသားမျိုးနွယ် အားလုံးအတွက် သောကဖြစ် ပူပန်နေကြောင်းကို ဤသုတ်တော်က ရှင်းလင်းစွာ ဖေါ်ပြထား ပေသည်။